# သစ္စာနီ

## ပြက်လုံးများရဲ့ရာဇဝင်





## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ဖွားရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြက်လုံးများရဲ့ရာဇဝင်

## သစ္စာနီ

စီစဥ်သူ - ကိုဦး

| စာမူခွင့်ပြုချက်အမှတ် | မျက်နှာဖုံးခွင့်ပြုချက်အမှတ် |
|---|---|
| ၄၀၀၅၇၈၀၅၀၆ | ၄၀၀၆၃၀၀၅၀၇ |

| | |
|---|---|
| ထုတ်လုပ်မှုတာဝန်ခံ | ကိုဦး |
| မျက်နှာဖုံးဒီဇိုင်း | မိုးသားကြီး |
| ကွန်ပြူတာစာစီ | အောင်ဇေ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးထွန်းလင်း |
| | ဖိုးဝပုံနှိပ်တိုက် |
| | အမှတ် (၁၄၀)၊ ၄၅ လမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးသန်းဆွေ |
| | စစ်သည်တော်စာပေ |
| | အမှတ် ၁၁၃၁/က၊ |
| | ၁၉ ရပ်ကွက်၊ ဥယျာဉ်လမ်း၊ |
| | တောင်ဒဂုံမြို့နယ်။ |
| အတွင်းဖလင် | ကိုဦးနှင့်ညီများ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ |
| ဖြန့်ချိရေး | ရွှေရည်မြင့်မြတ်စာပေ |
| | အမှတ် ၂၇၀(ပ-ယာ)၊ ၁၉ လမ်း(အထက်) |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၈၀၀ ကျပ် |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | တန်ခူးလေနှင့်လျှောတော့သည် | ၇ |
| ၂။ | ကြော်ငြာများကို ကြော်ငြာခြင်း | ၁၅ |
| ၃။ | မြင်းမဲ့ရထားယဉ်ကျေးမှု | ၂၃ |
| ၄။ | ကျွန်တော်တို့နှင့် နေ့များ | ၃၁ |
| ၅။ | ခေတ်သစ်ညောင်ရေသွန်းလောင်းခြေ | ၃၇ |
| ၆။ | အပူရှောင်သူများ | ၄၅ |
| ၇။ | မိုးဦးကျအတွေးများ | ၅၃ |
| ၈။ | ပြက်လုံးများ၏ ရာဇဝင် | ၆၁ |
| ၉။ | တိရစ္ဆာန်ရုံများ ပျောက်ကွယ်တော့မည်လော | ၆၉ |
| ၁၀။ | မျိုးသုဉ်းတော့မည့် သဘာဝတရားကြီး | ၇၇ |
| ၁၁။ | တီရှပ်တို့၏ ဖခင်ကြီး | ၈၅ |
| ၁၂။ | ပြောင်းလဲလာသော လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု | ၉၃ |
| ၁၃။ | လောကကြီးအတွက် ဆေးတစ်ခွက် | ၁၀၁ |
| ၁၄။ | ကဗျာဆရာ၊ ဘောပွိုင့်ပင်နှင့် လမင်း | ၁၀၉ |
| ၁၅။ | ပြက်လုံးအမွေးပွ ဝက်ဝံနှင့် ငလျှင် | ၁၁၇ |
| ၁၆။ | လက်ရွေးစင်ဟောင်းတစ်ဦး၏ ရာသီရင်ခုန်သံ | ၁၂၅ |
| ၁၇။ | တု တူ တူး ပြဿနာ | ၁၃၃ |
| ၁၈။ | သစ္စာနီမိန်းမရှုံးခြင်း | ၁၄၁ |
| ၁၉။ | သီပေါမင်း၊ သက်မွန်မြင့်နှင့် အပြုံ့အမည်း | ၁၅၁ |
| ၂၀။ | ပေါင်မုန့် ပြောသောစကား | ၁၅၉ |
| ၂၁။ | ကျွန်ုပ်တို့ ကလေးများနှင့်ပေါင်ချိန် | ၁၆၇ |

# တန်ခူးလေနှင့်လျှောတော့သည်

သရော်စာအက်ဆေးများ

သစ္စာနီ



# တန်ခူးလေနှင့် လျှောတော့သည်

ယခုနှစ်အဖို့ သင်္ကြန်နားနီးလာပြီဟု သိနိုင်သော သင်္ကေတမှာ တရုတ်ပြည်မှ ကလေးကစားစရာ ရေပက်ပစ္စည်းတွေ စုပြုံဝင်လာခြင်း၊ သင်္ကြန်မိုး တစ်ပြိုက်နှစ်ပြိုက် ရွာခြင်း၊ ပိတောက်ပန်းအနံ့ ရခြင်း၊ သင်္ကြန်စာ ရောင်းသံကြားရခြင်း၊ လေပူငွေ့ရမ်း တိုက်ခတ်ခြင်း စသည် တို့မဟုတ်မူဘဲ သင်္ကြန်သီချင်းတွေ (တိပ်၊ စီဒီ၊ ဗီစီဒီ) အလုအယက် ထွက်လာကြခြင်း ဖြစ်လေသည်။ ပိတောက်ပင်လယ်၊ ပိတောက်ကပွဲ၊ ဒီနှစ်ကူးမှာကဲနေပြီ၊ အေးချမ်းပါစေသင်္ကြန်ရေ စသည်ဖြင့် အမည်

ရွှတ်ရလျှင်ပင်မဆုံးနိုင်၊ ထွက်သမျှ သကြ်န်ခွေတွေသာ ဝယ်ကြည့်ရမည် ဆိုလျှင်၊ ကုဋေရှစ်ဆယ် သူဌေးသားပင် မွဲလောက်ပေမည်။ ထိုဗီစီဒီ သင်္ကြန်ခွေတွေထဲတွင် မပါမဖြစ်သော အရာသုံးခုကား ဘာက ကနေ မှန်းမသိရသည့် ဘောင်းဘီဝတ်ထားသော ရေစိုနေသည့် ကောင် မလေးများ၊ ပိတောက်ပန်း အတုများနှင့် ရာဇာနေဝင်းအစစ်တို့ ဖြစ်လေ သည်။ ဒါကြောင့် တစ်ချို့က သင်္ကြန်ကို ရာဇာနေဝင်းစောင့်နေသည်ဟု ဆိုကြသည်။ ယခင်က သင်္ကြန် မင်းသားဟောင်းကြီးကား ဇော်ဝမ်း ဖြစ်၏။ ဟုတ်ပါရဲ့ 'တူးပို့ တူးပို့' မန္တလေး ဒိုးသံနေရာတွင် ဟစ်(ပ) ဟော့ပ်သံ၊ ရက်ပ် ဂီတသံက နေရာယူခဲ့တာ နည်းနည်းတောင် ကြာပြီပဲ။

ခေတ်အလိုက် ပြောင်းလဲခြင်းကို လက်သင့်မခံချင်လို့မရ။ သံချပ် ကို လွမ်းသူတွေက ဟစ်ဟော့ပ်ဆိုပုံကို ကြည့်ကာ "ဒါလည်း မော်ဒန် သံချပ်ပေါ့" ဟု စိတ်ဖြေကြတာတွေ့ရသည်။ တစ်ခါတုန်းက သင်္ကြန် ကတော့ တစ်မျိုး၊ သင်္ကြန်ကားတွေထွက်လာကြသော်လည်း ရေပက်ခံဖို့ အဓိကမဟုတ်၊ သံချပ်ပြိုင်ပွဲဝင်ကြဖို့ အဓိက။ အဖွဲ့နာမည်တွေကအစ အပြိုင်အဆိုင် ပေးကြသည်။ 'သခွပ်ပင်က မီးတကျည်ကျည်' တို့၊ 'ဆူးကြား က ဘူးခါတို့' ဘာတို့၊ သင်္ကြန်နှင့် ဘယ်လို ဆင်သလဲမသိ။

ကျွန်တော့် ကလောင်အမည် (သစ္စာနီ) ဖြင့်ပင် နှစ်စဉ်ထွက်သောအဖွဲ့ ရှိခဲ့သည်။ (ထိုအဖွဲ့နှင့် ကျွန်တော်သည် မည်သို့မှ မသက်ဆိုင်ရုံမက၊ ကျွန်တော်သည် ရေသဘင်အဖွဲ့ကားများနှင့် လိုက်ပါဖူးခြင်း၊ သံချပ်ထိုးဖူးခြင်း မရှိခဲ့ပါ) သို့သော် သကြ်န်ပိုးရှိသူတွေထဲတွင် ကဗျာဆရာတွေက ခပ်ကဲကဲ ရှေ့ဆုံးက ပါခဲ့ကြတာ မြင်သိနေရသည်။ အညာတမာ၊ ငသိုင်းချောင်းဝံသာ၊ ညီလတ်တို့ကတော့ ပိတောက် တစ္ဆေဖြစ်၍ နေကြလေသည်။ (သူတို့အဖွဲ့အမည် ဖြစ်ပြီး ကွယ်လွန်ခဲ့ ကြလေပြီ) ထိုအဖွဲ့တွေသည် ယိမ်းသမတွေလို တူညီ ဝတ်စုံ ဆင်တူဝတ်ကြသည်။ ဇရဲ နေ၊ လေဒဏ် ခံနိုင်အောင် မိတ်ကပ်တွေ လိမ်းကြသည်။ ဆုပေးမဏ္ဍပ်ရှေ့တွင် ကတ္တရာလမ်းမကို စတိတ် (ဇာတ်ခုံ)အဖြစ် သဘောထားကာ ထိုးဇာတ်၊ လုပ်ဇာတ်တွေ ခင်းကျင်း ပြသကြရာ ပါဖောမင့် အတစ်စ်အစမှာ သူတို့ကဟု ဆိုနိုင်သည်။

ကျွန်တော်တို့ညီငယ်များ ခေတ်မှာတော့ ကားလှလှလေးတွေနှင့် ရေပက်ခံသက်သက်သာ ထွက်ကြတော့သည်။ ယခင်က သကြ်န်ဆိုကောင်မလေးတွေ သိပ်မတွေ့ရ။ ရက်ပိုင်းအိမ်တွင်းပုန်းမလေးတွေ ဖြစ်ကုန်သည်။ ထွက်လာပြန်လျှင်လည်း ယောဂီထမီဝတ်ကာ၊ လက်တွင် ပုတီးပတ်၍ (ဥပုဒ်သွားစောင့်မလို့) ဆိုသောစကားကြောင့်၊

ရေပက်မည်ဟု အားခဲထားသော ကာလသားတို့မှာ မမွန္တရာယ်မဖြစ်ရအောင် လက်လျှော့ကြရသည်။ ယခုခေတ်မှာတော့ ရေစိမ်ခံရေသူမလေးတွေ၏ အရေအတွက်မှာ ကောင်လေးတွေထက်တောင် ပိုနေသည်ထင်ရ၏။ ဒါကတော့ ခင်ဗျားက ကောင်မလေးတွေချည်း ကွက်မြင်နေလို့ပါဟု စွပ်စွဲလျှင်လည်း ခံရပါတော့သည်။ သူတို့လေးတွေ ဝတ်စားတာကလည်း ကွက်မကြည့်ဘဲတောင် မြင်နိုင်အောင် ပွင့်လင်းသွက်လက်၍ လာကြသည်။

ဘာပဲဖြစ်ဖြစ် (ရေခဲထုပ်ဘေးကင်းဝေးရကာ) သင်္ကြန်အတွင်း ပျော်ချင်သူများက ပျော်ရပြီးရော ငွေကုန်လူပန်းအခံရကျိုးနပ်သည်ဟု ယူဆသူတွေသာ ဖြစ်ပါသည်။ သင်္ကြန်ပြီးလျှင် တကယ်တမ်း အမြတ်အစွန်းအဖြစ် ကျန်ရစ်ခဲ့သူတွေက ပုဂ္ဂလိကဆေးခန်းတွေ၊ ဓာတ်ဆီမှောင်ခိုကုန်ကူးသူတွေ၊ သင်္ကြန်သုံး ပစ္စည်းရောင်းသူတွေနှင့် မော်တော်ကား ဝပ်ရှော့တွေသာဖြစ်သည်။

ကျွန်တော်တို့လို လူကြီးပိုင်းထဲ ခြေတစ်ဖက် လှမ်းနေသူတွေအဖို့တော့ သင်္ကြန်ဆိုတာ ကိုယ့်အတွက်မဟုတ်တော့၊ လူငယ်တွေ ပျော်ကြပါ စေဟုသာ အိမ်မှာထိုင်ကာ စတုဒီသာပွဲတွေက လာပို့သမျှ စားရင်း၊ ရုပ်မြင်သံကြားမှာ နှစ်စဉ်ပြနေကျ 'မောင်တို့ချယ်ရီမြေတို့၊ သင်္ကြန်မိုးတို့'

ဇာတ်ကားတွေကို ကြည့်နေရင်း၊ မုဒိတာပွားကြရုံသာ ရှိပါသည်။ ဒီကြားထဲ ဟိုရုတုထဲကလို မဖြစ်အောင် သတိထားကြရပါမည်။ နတ်သျှင်နောင်ရေးတာ ထင်ပါရဲ့။ နွေနှောင်း ရွက်ကျတွေ တန်ခူးလေအဝှေ့မှာ ကြွေသက် ကြပုံကို "တန်ခူးလေနှင့် လျှောတော့သည်" ဟု ဆိုသည်။ သကြံန်အခါ နေပြင်းသဖြင့် အပူဝမ်းတွေ လျှောတတ်သည်။ အစားမမှားစေနှင့်။ နေ့လယ်နေ့ခင်း ပူအိုက်လှချည်ရဲ့လို့ ခေါင်းကလောင်းကာ ရေမချိုးစေနှင့်။ နို့မို့ဆိုလျှင် ထိုရုတု၏ အချုပ်ဒ်မှာ ကိုယ့်ကိုစောင်းချိတ်ရေးသားထားလေ သလားဟု ထင်မှတ်စရာဖြစ်၍ နေပေလိမ့်မည်။

*

အတွဲ ၂၊ အမှတ် (၁၁)

# ကြော်ငြာများကို ကြော်ငြာခြင်း

သရော်စာအက်ဆေးများ　　　　သစ္စာနီ



# ကြော်ငြာများကို ကြော်ငြာခြင်း

ကြော်ငြာဆိုသည်မှာ မိန်းမ လှလှလေးတွေက လှလှပပ ဝတ်စားကြကာ သူတို့ကိုင်ချင်ရာ ကိုင်ပြသော အရာကို ဆိုလိုပါသည်။ (ဥပမာ- ဆပ်ပြာ၊ သွားတိုက်ဆေး၊ လိမ်းဆေး) ယနေ့ကြော်ငြာကို အများဆုံး တွေ့ရသည့်နေရာမှာ ရုပ်မြင်သံကြားတွင် ဖြစ်သည်။ ဒါကလည်း အကြောင်းရှိသည်။ ယနေ့လူထုဆက်သွယ်ရေး ကိရိယာများထဲတွင် ရုပ်မြင်သံကြားမှာ ထိပ်ဆုံးရောက်နေသောကြောင့် ဖြစ်၏။ လူတစ်ဦးသည် တစ်နေ့လျှင် ရုပ်မြင်သံကြားရှေ့၌ ၅နာရီမျှ အချိန်ဖြုန်း

လေ့ရှိ၏။ ကြည့်ချင်စရာရှိကြ ၏။ ထိုအချက်ကိုသိသော စီးပွားရေး လုပ်ငန်းရှင်များဟာ၊ ရုပ်မြင်သံကြားကို အဓိက ပစ်မှတ်သဖွယ် အသုံးပြုလာကြသည်မှာ မဆန်းပေ။ ရုပ်မြင်သံကြားတွင် လူကြည့် အများဆုံး ကဏ္ဍနှစ်ခုမှာ ကိုးရီးယားဇာတ်လမ်းတွဲများနှင့် ကြော်ငြာ များဖြစ်နေသည်ကို တွေ့ရသည်။

ကြော်ငြာတွေကလည်း ကလေး၊ လူကြီး ကာလသားမရွေး ကြည့်ချင်စဖွယ် စုံလင်အောင် ရိုက်ပြနိုင်သည်။ စက်ရုံထဲမှာ ပြေးကြ လွှားကြ၏ (ဂျုံမှုန့်ကြော်ငြာ)။ လမ်းပေါ်မှာ ထိုးကြကြိတ်ကြ၏။ (ဆီးထုပ် ကြော်ငြာ)။ သုံးကိုယ်ခွဲ၊ လေးကိုယ်ခွဲတွေ ရိုက်ကြ၏။ သီချင်းတွေ ဆိုကြ၊ ကကြ၏ (တေးသရုပ်ဖော် မဟုတ်၊ ကြော်ငြာပင် ဖြစ်ပါသည်)။ လူ့ရှင်တော်တွေသာ မဟုတ် မင်းသားတွေကပါ အပြောင်အပျက် လုပ်ပြသဖြင့် ရယ်ရ၏။ စပါယ်ရှယ် Effect ခေါ် အထူးပြု လုပ် ချက်တွေလဲ ကြည့်ရင်းက မင်းသမီးက ကော်ဇောပျံမစီး ဟမ်ဘာဂါ စီးကာ ပျံဝဲပြသည်။ မင်းသားက ဘီလူးကြီးလောက် ကြီးသွားသည်။ ယောကျ်ားတွေက သနပ်ခါး၊ မိတ်ကပ်ကြော်ငြာ၏။ မိန်းကလေးတွေ က မုဆိုးကြော်ငြာက ဘန်းစကား အသစ်အဆန်းတွေ လည်း ကြား ရ၏။

မင်းသားက ခွန်အား တိုးဆေးသောက်ပြီး မင်းသမီးကို ဘီလူး ကြည့် ကြည့်၏။ တချို့ကြော်ငြာတွေမှာ ကျွန်တော်တို့ ဉာဏ်မမီ။ လူပါးစပ် သုတ်သော စက္ကူနုကို ခွေးဖင် သုတ်ပြ၏။ မင်းသားသောက် သော ကွေကာ အုပ်ကိုကြည့်ကာ ခွေးက သွားရေယိုပြ၏။ လူ့ရှင်တော်ကို တစ်ပတ်ရိုက်ကာ ခွေးက မုန့်ထုပ်ကိုလုပြေး၏။ ခွေးပါကြိုက်သည်ဟု ဆိုချင်ပုံရ၏။ ဤပစ္စည်းများကို လူရောခွေးပါ သုံးနိုင်သည်ဟု ကြော်ငြာချင်လေသလား မသိ။ သူတို့ နိုင်ငံများတွင် တိရစ္ဆာန်သုံး ပစ္စည်းများနှင့် လူသုံးပစ္စည်းများကို သိသိသာသာ ထင်ထင်ရှားရှား တမင်ကွဲပြားအောင် ကြော်ငြာကြရ၏။ ကျွန်တော်တို့ဆီကတော့ အဆင့်အတန်း ခွဲခြားချင်ပုံမရ။

ကြော်ငြာပိုစတာ ကြော်ငြာရိုက်ကူးသူများမှာ ရုပ်ရှင်နှင့် ဗီဒီယို ဒါရိုက်တာများသာဖြစ်၏။ ယခုတော့ လူတကာပင် ရိုက်ကူးနေကြ သည်။ ဆယ်စက္ကန့်သာ ပြရသဖြင့် လွယ်ကူသည်ဟု ယူဆကြဟန် တူ၏။ ရှေးက ရိုက်ပြတာမျိုး အတုခိုးကာ ရိုက်လိုက်ပုံရ၏။ ပထမ သီချင်းမြူး၏။ နာမည်ရနေသော မော်ဒယ်လ်ဂဲလ် ကလေးတွေကို ကိုယ်ကြော်ငြာရိုက်နည်း ဖြစ်သည်။ သူတို့ဆီမှာက ကြော်ငြာ ဒါရိုက် တာနှင့် ရုပ်ရှင်ဒါရိုက်တာတွေ မတူ။ ရုပ်ရှင်ဒါရိုက်တာက ကြော်ငြာ

မရိုက်။ ကြော်ငြာဒါရိုက်တာက ရုပ်ရှင်မရိုက်။ တစ်ဦးလုပ်ငန်းကို တစ်ဦးက အထင်သေးသောကြောင့် မဟုတ်။ ရုပ်ရှင်နှင့်ကြော်ငြာ သဘာဝခြင်း မတူသောကြောင့်ဖြစ်သည်။ ထိုနည်းတူ ရုပ်ရှင် သရုပ်ဆောင်တွေက ကြော်ငြာမရိုက်။ ကြော်ငြာသရုပ် ဆောင်တွေ ကလည်း ရုပ်ရှင်မရိုက်။

ကျွန်တော်တို့ဆီမှာတော့ ရုပ်ရှင်သရုပ်ဆောင်တွေကပင် ကြော်ငြာ ရိုက်ကြတာ များသည်။ ဒါ့ကြောင့် ကြော်ငြာမှာ အက်တင် လုပ်နေတာ တွေ့ရ၏။ ဇာတ်ကွက် Plot တွေ တွေ့နေရ၏။ ကျွန်တော် တို့ နိုင်ငံအခြေအနေမရ ဤကဲ့သို့ဖြစ်နေရသည်မှာ အပြစ်ဆိုစရာမရှိ ပါဟု ဆိုချင်ပါသည်။ လုပ်တတ်သူတွေကလည်း ဒီလူတွေပဲရှိတော့ မြင်းအလုပ် နွားအလုပ် ခွဲခြားနေလို့မရတော့။ ကျွန်တော်တို့ဆီတွင် ကြော်ငြာရိုက်ပုံ ရိုက်နည်း သင်တန်းတွေကမရှိ။ ဒီတော့ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း လည်းမရှိ။ ဥပမာ- ကြော်ငြာသရုပ်ဆောင်သူတွေ က (ဆရာဝန်အစစ် မဟုတ်ဘဲ) ဆရာဝန် အဝတ်ဝတ်ကာ ဂျူတီကုတ် တွေဝတ်ကာ ကြော်ငြာ ပြကြသည်။ သူတို့ဆီမှာ ဥပဒေအရ တားမြစ် ထားသည်။ ကြော်ငြာကြည့် သူများက ဆရာဝန်အစစ်၏ စကားဟု အမှတ်မမှားစေလိုသောကြောင့် ဖြစ်သည်။ ထားတော့ . . .

နှစ်အတန်ကြာက အကယ်ဒမီ ဝါရင့် မင်းသမီးကြီးတစ်ဦး စကားကို အမှတ်ရနေသည်။ ဗျူးသူက အမူအရာ ဘယ်လိုလုပ်တတ်လာသလဲ မေးတော့၊ ဆလုံတွေ ရေကူးတတ်လာသလိုပါပဲဟု ဖြေ၏။ ဆလုံဆိုတာ ရေထဲမှာ နေရတဲ့အမျိုးဆိုတော့ ရေကူးတတ်လာသလိုပါပဲဟု ဖြေ၏။ ရေကူးတတ်လာရသည်။ သို့သော် ရေကူးပုံကူးနည်းမှာ စနစ်တကျမဟုတ်။ စနစ်ကျဖို့က အရေးမကြီး၊ ရေမနစ်ဖို့က အရေးကြီးသည်ဟု ပြောလျှင်လည်း ကျွန်တော့်အနေဖြင့် ငြင်းလိမ့်မည်မဟုတ်ပါ။ သူ့အရပ်နှင့်သူ့ဇာတ် အဆင်ပြေနေရင် ပြီးတာပါပဲ။

ဤဆောင်းပါးကို ကြော်ငြာများကို ကြော်ငြာပေးခြင်းဟု သဘောထားစေလိုပါသည်။ (ကြော်ငြာပေးရန် မလိုပါ)

*

အတွဲ ၂၊ အမှတ် (၁၂)

# မြင်းမဲ့ရထားယဉ်ကျေးမှု

သရော်စာအက်ဆေးများ　　　　သစ္စာနီ



# မြင်းမဲ့ရထား ယဉ်ကျေးမှု

လူများအားလုံး လမ်းပေါ်ရောက်ကာ တစ်စုံတစ်ရာကို ဝိုင်းအုံကြည့် ရှုနေကြသည်။ သူတို့မြင်ရသော အရာမှာ နတ်သမီးပုံပြင်တစ်ပုဒ်ကဲ့သို့ ရင်သပ်ရှုမော အံ့သြဖွယ်ရာ ဖြစ်နေလေသည်။ ယင်းမှာ မြင်းမပါဘဲ ရထားတစ်စီး သူ့အလိုအလျောက် မောင်းနှင်သွားခြင်းဖြစ်သည်။ နှစ် အနည်းငယ် ကြာသောအခါ၊ ထိုအရာကို လူများက မော်တော်ကားဟု ခေါ်ကြလေသည်။

ယခုအခါ ကမ္ဘာပေါ်ရှိ မြို့ကြီးများတွင် ကြည့်လေရာ မြင်နိုင်

သော အရာနှစ်ခုနှင့် ကြော်ငြာဆိုင်းဘုတ်နှင့် မော်တော်ကားသာ ဖြစ်လေသည်။ ယခုအခါ မော်တော်ကားမပါသော ကမ္ဘာကြီးကို စဉ်းစားကြည့်မည်ဆိုလျှင် အတော်မပါသော ငှက်အကြောင်း စဉ်းစားရသလို အတော်ပင် ခွတီးခွကျ နိုင်ပေသည်။ သို့သော် ၁၈ရာစု စောစောပိုင်းကမူ မော်တော်ကားဆိုသော အရာကို လူတို့သည် အိပ်မက်ပင် မမက်ဖူးခဲ့ကြချေ။ အတော်ရှေးကျသော သမိုင်းကာလကပင် ကျက်ကျက်ဆူနေသော ရေကို လက်ဖက်ခြောက် ခပ်သောက်ခြင်းနှင့် ကော်ဖီမှုန့်ထည့်သောက်ခြင်းကို တရုတ်နှင့်အာရပ်တို့ သဘောပေါက်ကျင့်သုံးခဲ့ကြသော်လည်း၊ ရေနွေးငွေ့၏ စွမ်းအင်ကိုမူ အတော်နောက်ကျမှပင် သိကြရသည်။ ဓာတ်ဆီနှင့် မောင်းသောယာဉ် ကိုမူ ၁၉ ရာစု ကျမှပင် ထုတ်လုပ်နိုင်ခဲ့သည်။

ကမ္ဘာဦးလူသည် အနားဝိုင်းသော ကျောက်ပြားကြီးများကို တောင်ပေါ်မှ တောင်အောက်သို့ လှိမ့်ကာ အပျင်းပြေ ကစားကြရာမှ ဘီး၏ သဘောသဘာဝကို သဘောပေါက်လာကုန်ကြ၏။ မြင်းနွားဆွဲသော ယာဉ်များကို တီထွင်နိုင်ခဲ့ကြသည်။ ယခုခေတ်တွင်မူ လေဆာတိုင်းတာရေးစနစ်နှင့် ဗီဒီယိုကင်မရာကို အသုံးပြုပြီး အဆင့်မြင့်ကားများကို ထုတ်လုပ်လျက်ရှိသည်။ အပူစွမ်းအင်နှင့် ဘီးသုံး

မော်တော်ကားများ တွင်ကျယ်လာကြသည်။ ကမ္ဘာကြီးကို ပို၍ကျုံ့ဝင်စေသည်။ မယုံနိုင်လောက်သော ဆင့်ကဲဖြစ်စဉ်နှင့် လျင်မြန်စွာ တိုးတက်လာသကဲ့သို့ပင် ၂၀ ရာစုအတွင်း မှာပင် ထိုကားများကို မှီ၍ဖြစ်သော ယဉ်ကျေးမှုသစ် တစ်ခုသည်လည်း တစ်ပြိုင်နက်တည်း ဖြစ်ထွန်းခဲ့၏။ ကားများနှင့် တိုက်ရိုက်ဆက်သွယ်မှု ရှိသော အုံနာ၊ စပါယ်ရာ၊ ဒရိုင်ဘာစသည်တို့သာမက သွယ်ဝိုက်ဆက် သွယ်သည့် ကားကိုမှီ၍ အသက်မွေးမှုပြုရသော ကားပြင်သူ၊ အဝေးပြေး လမ်းတစ်လျှောက် ဖျော်ဖြေရေးစခန်းနှင့် တည်းခိုခန်းဖွင့်သူ၊ ဓာတ်ဆီ ဆိုင်ပိုင်ရှင်၊ စားသောက်ဆိုင်ဖွင့်သူတွေပါ ပေါ်ထွန်းလာသည်။ ပိုက်ဆံထည့်ကာ စားသောက်နိုင်သော အရောင်းစက်၊ ပိုက်ဆံထည့်ဖွင့်နိုင်သော ဓာတ်စက်၊ အလုပ်အပြန် (သို့မဟုတ်) ကားမောင်းရင်း စားနိုင်သော ဟမ်ဘာဂါ၊ ဆင်းဒ်ဝစ်၊ ကားမောင်းရင်း ဖွင့်နားထောင်နိုင်သော အသံသွင်း (တိပ်ခွေဝတ္ထု) စသည်ဖြင့် သူတို့ကြိုက်သော ဂီတ၊ သူတို့ကြိုက်သော အစားအစာ၊ သူတို့ကြိုက်သော အဝတ်အစားဟူ၍ ထိုလူတန်းစားနှင့်လိုက်လျောညီထွေရှိသော ယဉ်ကျေးမှုသစ်တစ်ခု ထွန်းကားလာသည်။

အမေရိကန်နိုင်ငံ အဝေးပြေး ကားသမားများ ပြောဆိုသုံးစွဲသော ဘန်းစကားများမှာ များစွာပင်ရှိသော အသစ်အဆန်းဖြစ်၍ အချို့မှာ

လူထု သုံးစကား ဖြစ်လာသည်။ ထိုလူတန်းစားကို အခြေခံသော ရုပ်ရှင် ကားများကို ဟောလီဝုဒ်က ထုတ်လုပ်အောင်မြင်လာ၏။ (ဥပမာ- ခရစ္စ တိုဖာဆန်၏ ကွန်ဗွိုင်း၊ ဘတ်(တ)ရေးနိုးလ်၏ စမုတ်ကီနှင့် ဗင်းဒစ်၊ ဂျင်းမိုက်ကယ်ဗင်းဆင့်၏ ဝိုက်လိုင်းဖေဗာ) သူတို့သည် ကောင်းဘွိုင့်များ နေရာတွင် အစားထိုးဝင်လာသော သူများဖြစ်သည်။ မြင်းမဲ့ရထား ယဉ်ကျေးမှုမှ ပေါ်ပေါက်လာသော ယဉ်ကျေးမှုပြောင်းလဲရေးမှာ ခေတ်သစ် လူ့အဖွဲ့အစည်းတွင် အရေးပါသောကဏ္ဍမှ ပါဝင်နေလေသည်။ အမေရိကန် နိုင်ငံတွင် အရွယ် ရောက်ပြီးသူတို့ ဆယ်ရာခိုင်နှုန်းမှာ ကားမောင်းလိုင်စင် များ ရှိကြ၍ကာ ကားမောင်းလိုင်စင်မရှိက အလုပ်မရကြချေ။ အိမ်ထောင် စုဆယ်စု၌ ကိုးစုမှာ အနည်းဆုံး ကားတစ်စီးကျစီ ရှိကြသည်။ ကားသည် လမ်းမတွင် သယ်ယူပို့ဆောင်ရေး ယာဉ်အဆင့်သာ ဖြစ်သော်လည်း ယခုအခါ မရှိမဖြစ်သော လူ့အသုံးအဆောင်ပစ္စည်း ဖြစ်နေလေသည်။ (တချို့ နေရာများမှာတော့ ဒီထက်ပင်ပိုကာ လူ့ဂုဏ်ရည်ပြ ပစ္စည်းတစ်ခု ဖြစ်နေ လေသည်။ ကားကို ကြည့်ခြင်းအားဖြင့် ကားပိုင်ရှင်၏ဘဝ ဝင်ငွေ လူနေမှု အဆင့်ကို အကဲဖြတ်နိုင်ခြင်း ဖြစ်သည်)

ယခုအခါ နေ့စဉ် ကမ္ဘာပေါ်ရှိ လမ်းများထက်တွင် မော်တော်

ယာဉ် မျိုးစုံ သန်းလေးရာခန့် မောင်းနှင်သွားလာလျက်ရှိသည်။ ထိုအထဲတွင် (ကျွန်ုပ်အဖို့ ကိုယ်ပိုင်ကား တစ်စီးမှ မပါတာ၊ ကြံဖန် ဂုဏ်ယူစရာ ဖြစ်နေသည်) သို့ကြောင့်သာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်တွေက လေထုညစ်ညမ်းမှုတွင် ကြံရာပါ အဖြစ် လက်ညှိုးထိုး၊ အပြစ်တင်ခံရမည့် ဘေးမှ ကင်းဝေးနေခြင်း ဖြစ်လေတော့သည်။

*

အတွဲ ၂၊ အမှတ် (၁၃)

# ကျွန်ုပ်တို့နှင့်နေ့များ

သရော်စာအက်ဆေးများ　　သစ္စာနီ



# ကျွန်တော်တို့နှင့် နေ့များ

ဟောပြောခန်း

မြန်မာနိုင်ငံတွင်ရှိသော အရွယ်ရောက်ပြီးသူ ယောကျ်ားလေး၊ မိန်းကလေးတို့၏ သိမှုဉာဏ်ရည်ကို ရှုတ်တရက်စစ်တမ်း ကောက်ယူ ည်ဆိုလျှင် အတော်အတန် စိတ်ဝင်စားဖွယ်ကောင်းသည့်ကိစ္စတစ်ခု ဖြစ်လာမည်ဟု ထင်ပါသည်။ ဥပမာ- ဘိန်းမုန့်မစားဘူးသူ ဘယ် နှစ် ယောက် (ဟမ်ဘာဂါစားဖူး ကြသူများဖြစ်သည်) တရော်ကင်ပွန်းနှင့် ခေါင်းမလျှော်ဖူးသူဘယ်နှစ်ယောက် (ရှန်ပူမျိုးစုံကို အသုံးပြုဖူးကြသူများ ဖြစ်သည်)။ မေရှင်ထက် ဘရစ်တနီစပီးယားကို သိသူဘယ်နှစ်ယောက်

စသဖြင့် မထင်မှတ်ဖွယ်အဖြေများ ရလာနိုင်ပါသည်။

အပြစ်ဆိုချင်၍ မဟုတ်ပါ။ ခေတ်ပြောင်းလဲနေတာသိပါသည်။ မန်ကျည်းဖျော်ရည်ကို အထမ်းဖြင့် မရောင်းဘဲ၊ ပုလင်းနှင့် သံပူးထဲ ထည့်ရောင်းတဲ့ခေတ်၊ ထားပါတော့ ကျွန်တော်ပြောလိုသည်က တခြားကိစ္စ ဖြစ်ပါသည်။

လမ်းတွင် တွေ့ရသော ဆယ်ကျော်သက်အရွယ် ကောင်မလေးတွေကို "အဘိဓမ္မာ အခါတော်နေ့ဟာ ဘယ်နေ့လဲ" ဟု ကောက်ခါငင်ကာ မေးကြည့်လျှင် မှန်အောင်ဖြေနိုင်မည့်သူရှားကာ မျက်လုံးကလေး ပေကလပ် ပေကလပ် ကြည့်ရင်း "ဘာလုပ်မလို့လဲ၊ ဥပုဒ်စောင့်မလို့လား" ဟု ပြန် မေးခံရမှာ သေချာပါသည်။ ကျွန်တော်ပြောချင်တဲ့စကား ရောက်ခါနီးပါပြီ၊ ကျွန်တော်ပြောချင်သည်မှာ ကျွန်တော်တို့နှင့် နေ့များအကြောင်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့ဆီတွင် အထိမ်းအမှတ်နေ့များ အလျှင်အမြန် တိုးပွားလာပုံမှာ အချိုရည်ကုမ္ပဏီတွေ အလုအယက် ကုန်ပစ္စည်းသစ် ထုတ်သလို ဖြစ်နေပါသည်။

မကြာသေးမီက မတ်လထဲတွင် မြန်မာနိုင်ငံ၌ ကဗျာဆရာများနေ့ ကျင်းပသွားတာ သိရပါသည်။ ဖွင့်ပွဲတွင် ကဗျာစာအုပ်များ ရောင်းကောင်းအောင် ဘယ်လိုလုပ်ကြမလဲ ဆိုတာ ဆွေးနွေးကြ

သည်ဟု သိရပါသည်။ မော်ဒယ်လ်ဂဲလ် လှလှကလေးတွေ ငှားကာ အရောင်းမြှင့်တင်ရေးလုပ်၍ ကံစမ်းမဲတွဲဖေးလျှင် ရောင်းကောင်းလား စဉ်းစားကြဖို့ သင့်ပါသည်။ တလောက လမ်းပေါ်တွင် ထို ကဗျာဆရာများနေ့ ကျင်းပရေး လူကြီးအဖွဲ့ ဝင်တစ်ဦးဖြစ်သော ကိုအောင်ဝေးနှင့်တွေ့ရာ "ကျွန်တော်တို့ ကမ္ဘာကဗျာ ဆရာများနေ့ တော့ ကျင်းပပြီး၊ မြန်မာ့ကဗျာဆရာများနေ့တော့ ကျင်းပရ ကောင်းမှန်း ဆိုဟု တချို့ဂျာနယ်များက အပြစ်တင် ရေးသားကြသည်" ဟု ညည်းညူပါသည်။ မဖတ်လိုက်ရ၍ ထိုသို့ရေးသည်မှာ ဘယ်ဂျာနယ် နည်းဟု မသိပါ။

ဟုတ်တော့ဟုတ်သည်။ အမေရိကန်တွင် မေလ၏ ဒုတိယပတ် တနင်္ဂနွေနေ့ကို အမေများနေ့အဖြစ် သတ်မှတ်ကာ ကျင်းပကြပါ သည်။ မြန်မာပြည်တွင်လည်း မြန်မာမိခင်များနေ့ ကျင်းပသည်ဟု သိရပါသည်။ (ညွှံ့သည်ပဲပြောပြော ထိုနေ့မှာ ဘယ်နေ့မှန်းမသိပါ) ကောင်းပါသည်။ ကျွန်တော်တို့လူမျိုးများသည် တစ်နှစ်တစ်ခါ အမေကို သတိရသော လူမျိုး များအဖြစ် ဂုဏ်ယူနိုင်ပါသည်။ ကမ္ဘာ့ ခစ်သူများနေ့ကို အားကျမခံ ကျွန်တော်တို့ ညီငယ်ညီမငယ် များက လည်း ရှင်မွေ့လွန်း မင်းနန္ဒာနေ့၊ စန္ဒကိန္နရီနေ့များ ကျင်းပဖို့ စီစဉ်သင့်

ပါသည်။ သူတို့ဆီတွင် မိခင်များနေ့ သာမက ဗွန်လ၏တတိယပတ် တနင်္ဂနွေနေ့ကို ဖခင်များနေ့ဟု သတ်မှတ် ကာ ကျင်းပလေ့ရှိပါသည်။

သူတို့ဆီတွင်ကား လွတ်လပ်ရေးနေ့ကို အခါကြီးရက်ကြီးများ သာမက (အမေရိကန်နိုင်ငံကို ဆိုလိုပါသည်) ကိုလံဘတ် (အောက်တိုဘာ ၁၂)၊ မာတင်လူသာကင်းနေ့ (ဇန်နဝါရီ ၁၅)၊ သမ္မတများနေ့ (ဂျော့ဝါရှင်တန်မွေးနေ့)၊ ခွေးများနေ့ (ခွေးချစ်သူများက တီထွင် ကျင်းပသည်) စသဖြင့် အထိမ်းအမှတ်နေ့များ တော်တော်များများ ရှိပါသည်။

ထိုနေ့များတွင် သူတို့သည် သက်ဆိုင်သူများထံသို့ ပို့စကတ်များ ပို့ကြသည်၊ ကြေးနန်းများ ရိုက်ကြသည်။ (ယခုတော့ အီးမေလ်တွေ၊ ဖက်စ်တွေ ပို့ကြသည်) ပန်းစည်းလက်ဆောင်တွေ ပို့ကြသည်။ ထို့ကြောင့် အမှတ်တရနေ့တွေ များများထူထောင်နိုင်ပါသည်ဟု ကြိတ်ဆုတောင်းနေသူများ နှင့် အစက ပတ်သက်နေသူတွေ မဟုတ်ကြဘဲ ဤကဲ့သို့ အထိမ်းအမှတ်နေ့များ များများရှိလေ အကျိုးစီးပွားဖြစ်လေ ဖြစ်သော၊ ပို့စကဒ်ထုတ်ဝေသူများ ကြေးနန်းရုံးများနှင့် ပန်းစည်းရောင်းသူများသာဖြစ်၍ နေလေ တော့သည်။

*

အတွဲ ၂၊ အမှတ် (၁၄)

'ရွှေရည်မြင့်မြတ်' စာအုပ်တိုက်

# ခေတ်သစ်ညှောင်ရေသွန်းလောင်းချေ

သရော်စာအက်ဆေးများ

သစ္စာနီ



# ခေတ်သစ်ညောင်ရေ
# သွန်းလောင်းခြွေ

တန်ခူးကဆုန် ဆွေ့ဆွေ့ခုန် ဆိုသော၊ ရှေးစကားရှိတာ ကြားဖူးကြ ပါလိမ့်မည်။ တန်ခူးလ၊ ကဆုန်လတွင် ဆွေ့ဆွေ့ဆိုသော ကောင်မလေး ကြိုးခုန်တာကို ရည်ညွှန်းကြောင်း ကျွန်တော်ကတော့ ကောင်းကောင်း သဘောပေါက်သွားပါသည်။ ကျွန်တော့်လို သဘောပေါက်လိုလျှင် နေမွန်းတည့်ချိန်လောက်၌ အိမ်ရှေ့က ကတ္တရာလမ်းပေါ် ဖိနပ်မပါဘဲ ထွက်ကြည့် စေချင်ပါသည်။ မှန်ပါသည်။ သားပိုက်ကောင် သွားသွားရလောက်အောင်ပင် ပူပြင်းသည်ကို တွေ့ရ

ပါလိမ့်မည်။

အခုတလော သတင်းစာမှာ သတိပေးကြေညာချက်တွေ နေ့စဉ်ထည့်နေရလောက်အောင် အပူက ကြော်ငြာခမကုန်ဘဲ နာမည်ကြီးနေ၏။ တစ်ကမ္ဘာလုံးပင် အိုဇုန်းလွှာပေါက်ပြဲမှု၊ သစ်တောများ ပြုန်းတီးမှု၊ ဖန်လုံအိမ် အာနိသင်တွေကြောင့်၊ ပိုမို ပူနွေးလာနေသည်ဟု ပြောသံဆိုသံတွေ ကြားရပါသည်။ အနှီလောက်ပူတဲ့ နွေကို ရေခဲရေသည် ကလွဲ၍ ကျေးဇူးတင် မည့်သူရှိမည်မထင်ပါ။ (အချိန်ကိုက် ဖျော်ရည်ကုမ္ပဏီတွေ အပြိုင်အဆိုင် အရောင်းမြှင့်တင်ရေး လုပ်နေတာတော့ သတိပြုမိပါရဲ့)

တကယ်ပင် ချွေးထွက်လွန်းသဖြင့် လူ့ခန္ဓာကိုယ်တွင် ရေဓာတ်ကုန်ခန်း၏။ လူခန္ဓာကိုယ်တွင်သာမက မြေကြီးတွင်လည်း ရေဓာတ်ကုန်ခန်း၏။ ဝါဆို ဝါခေါင် မိုးပြတ်ကတည်းက မြေကြီးလည်း ရေမသောက်ဘဲ နေခဲ့ရတဲ့ကာလက ကြာပြီကိုး။ ဒါကြောင့် ဝေါဟာရလီနတ္တဒီပနီ ကျမ်းပြုဆရာ က မြေဓာတ်မှာ ရေပြတ်သည့်ကာလဟု ဆိုခဲ့ခြင်းဖြစ်သည်။ ကဆုန်လ ဆိုတာက ဆိန္နဆိုသော ပါဠိက ဆင်းသက်လာခြင်းဖြစ်ပြီး (က = ရေ၊ ဆိန္န = ပြတ်သည်) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ဒါကြောင့် မြေဓာတ်မှာ ရေပြတ်နေခိုက်တွင်

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှင်ပွင့်တော်မူရာဖြစ်၍ အထွက်အမြတ်ထားသော အပင်အမျိုးအနွယ်ဖြစ်သည့် ဗောဓိညောင်ပင်များကို ရေစင်သွန်းလောင်းကာ အသက်ဆက်ပေးကြ၏။ ယင်းကိုပင် ညောင်ရေသွန်းခြင်းဟု ခေါ်လေသည်။ ထိုဓလေ့ကိုလည်း ကဆုန် လပြည့်နေ့တွင်မှ ပြုကြ၏။ ထို ကဆုန်လပြည့်နေ့ကား ဗုဒ္ဓဟူးနေ့ ခေါ်ဆိုရလောက်အောင် ဘုရားရှင် ဖွားဒိတ်ခံယူတော်မူသောနေ့၊ ဘုရားရှင်ဖွားမြင်တော်မူသောနေ့၊ ဘုရားအဖြစ်သို့ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ခံဝင် တော်မူသောနေ့ဟူ၍ တိုက်တိုက်ဆိုင်ဆိုင် ထူးမြတ်၍နေသေးသည်။

သို့သော် ကဆုန်လမဟုတ်ဘဲ ညောင်ပင်ကို ရေသွန်းသောဓလေ့ကား (အိန္ဒိယနိုင်ငံတွင်) ရှေးမဆွကပင်ရှိခဲ့သည် ဟူ၏။ ရုက္ခစိုးနတ်ကို ပူဇော်ပသကာ လိုရာဆုတောင်းသော ဓလေ့ဖြစ်၏။ အပင်များတွင်လည်း ညောင်ပင်ကို အဓိကထားကာ ဆုတောင်းဆုပန်လေ့ရှိ၏။ ဗုဒ္ဓဝင်၌ သုဇာတသည် ညောင်ပင်သို့သွားကာ သားဆုပန်ရာ ပန်းတိုင်ပြည့်မြောက်၍ နှစ်စဉ် ထိုညောင်ပင်သို့သွားကာ ပူဇော်ပသလေ့ရှိ၏။ မဟာသက္ကရာဇ် ၁၀၃ နှစ် ကဆုန်လပြည့်နေ့တွင်မူ ထိုညောင်ပင်ရင်းသီတင်းသုံးနေသော ဘုရားရှင်ကို၊ ရုက္ခစိုးနတ်ကြီးထင်ကာ နို့ဆွမ်း

(ယနာ)ကို ကပ်လှူခဲ့၏။ ထိုနို့ဆွမ်းကို ဘုန်းပေးကာ ဘုရားရှင်သည်ထိုနေ့တွင်ပင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ ဘုရားရှင်ပွင့်တော်မူပြီး နောက်တွင်မူ ညောင်ပင်ရေသွန်းခြင်းမှာ ရုက္ခစိုးနတ်များအတွက် မဟုတ်တော့ဘဲ ဘုရားရှင်ကိုသာ ရည်ရွယ်သွန်းလောင်းကြခြင်းဖြစ်၏။ မိမိတို့နေအိမ် ဘုရားစင်၌ ထားသော ပန်းအိုးများကိုပင် ညောင်ရေအိုးဟု အစဉ်တစိုက် ခေါ်ဝေါ် သုံးစွဲခဲ့ကြသည်။

ကဆုန်လကား တစ်နည်းအားဖြင့် မြန်မာတို့အဖို့ နှစ်ဦးအစပထမလ လည်းဖြစ်၏။ (တန်ခူးလကား နှစ်ဟောင်း တစ်ဝက်၊ နှစ်သစ်တစ်ဝက်ခွ၍ ပါနေသော ကပြားလ ဖြစ်သည်) ထို့ကြောင့် ထိုနှစ်ကူးအစ ပထမလတွင် မင်္ဂလာရှိသောအမှုကို ပြုကြကုန်သည်။ ရှေးကမြန်မာဘုရင်များ ကဆုန်လတွင် နန်းတက်မင်္ဂလာပြုသည်ကို အစွဲယူကာ လူတို့ကလည်း ထိုလအတွင်း အိမ်တက်မင်္ဂလာပြုကြ၏။ ထို့ကြောင့် မာဃဒေဝလင်္ကာတွင် "တန်ခူးကုန်စ၊ ကဆုန်လ၌ ဘိသေကပွဲ ခံမြဲများစွာ" ဟု ရေးခဲ့ခြင်းဖြစ် သည်။ တကယ်တော့နည်းနည်းခဲ့ညားတယ်ထင်အောင် သိုင်းဝိုင်းပြောရ တာပါ။

ရှေ့မမီ၊ နောက်မမီ လူငယ်များအတွက် ပြောပြရလျှင် ကျွန်တော်တို့ ငယ်ငယ်က ရွှေတိဂုံညောင်ရေသွန်းပွဲများကား၊ အင်မတန် စည်

ကား၏။ ရန်ကုန်မြို့ တစ်မြို့လုံးရှိ ရပ်ကွက်တိုင်းလိုလိုမှ အသင်းအဖွဲ့များသည် ရွှေတိဂုံရင်ပြင်ရှိ ဗောဓိညောင်ပင်ကြီးရှိရာ အရပ်သို့ ညောင်ရေသွန်းရန် လာကြ၏။ ရိုးရိုးမလာကြ။ တချို့ခြေလျင်၊ တစ်ချို့က ကားကြီးကားငယ်ဖြင့် အိုးစည်ဒိုးပတ်များကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင် တီးခတ်ကြကာ၊ ရွှေတိဂုံခြေရင်းသို့ ရောက်လာကြသည်။ ညောင်ရေသွန်းမည့် မိန်းကလေးများကား၊ အထက်အောက်ဆင်တူ ဝတ်စုံကလေးများ ဝတ်ကာ ညောင်ရေအိုးကလေးတွေ ကိုယ်စီရွက်၍ ရွှေတိဂုံစေတီတော် မုခ်လေးခုခ်မှ တန်းစီ တက်ကြသည်။ အဖွဲ့ပေါင်းစုံ အရောင်အသွေးပေါင်းစုံ လူတန်းရှည်ကြီးမှာ တစ်နေကုန်ပင် ကြည့်ရှုမဆုံး ရှိလေသည်။ ယခုတော့ အိုးစည် ဒိုးပတ်များကို ရွှေတိဂုံအောက်ခြေတွင်ပင် တီးခတ်ခွင့် မရှိတော့။ ကောင်းမွန်သော စည်းကမ်းဟုထင်ပါသည်။ ကျွန်တော်တို့ လူမျိုးများမှာ အလွန်ပျော်ရုံမက၊ အပျော်လွန်သူများဖြစ်ရာ၊ ခံ့ညားကျက်သရေရှိသော ဘာသာ ရေးပွဲ၏ ဆိတ်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးပစ်ရာရောက်သလို ရှိတတ်သော ကြောင့် ဖြစ်သည်။ ရင်ပြင်တွင် တရားထိုင်သူ၊ ကြည်ညိုသဒ္ဓါပွားနေသူများလည်း အနှောင့်အယှက်ပေးရာ မရောက်တော့။

တခြား အပြောင်းအလဲကား၊ ယနေ့ခေတ်ညောင်ရေသွန်းသူ

တော်တော်များများမှာ ရောင်စုံဆင်တူ ထမီများနှင့် မဟုတ်ဘဲ စကက်များ၊ ဘောင်းဘီရှည်များဖြင့် ဖြစ်နေခြင်းဖြစ်သည်။ (မြန်မာ့ ယဉ်ကျေးမှုနှင့် မဆီလျော်သော စကက်အတို၊ အကွဲများ ဘောင်းဘီ တိုများ ဝတ်ဆင်မလာရန် ကန့်ကွက် တားမြစ်ထားပါသည်) သူတို့ တတွေမှာ ညောင်ရေအိုးကလေး တွေလဲ ခေါင်းပေါ် ရွက်လာကြစရာ မလိုတော့။ ညောင်ရေသွန်းမည့် ညောင်ပင်ရောက်မှ တိုင်ကီကြီး များဖြင့် ရောင်းနေသူများထံမှ ညောင်ရေအိုးကို မြန်မာငွေဖြင့် ဝယ်ကာ၊ အလွယ်တကူ သွန်းလောင်းလိုက်ရုံပင်။ ကဆုန်လပြည့်နေ့ ဆိုလျှင် ထိုညောင်ပင်တစ်ဝိုက်တွင် ရေသံ တဗွမ်းဗွမ်း၊ တရွှမ်းရွှမ်းဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်လုံး စိုပြည်အေးချမ်းနေတာက အမှန်ပင် ဖြစ် သည်။ ဘာပဲဖြစ်ဖြစ် ညောင်ရေဟာ ညောင်ရေပဲ မဟုတ်ပါလား ခင်ဗျား။

*

အတွဲ ၂။ အမှတ် (၁၅)

# အပူရှောင်သူများ

သရော်စာအက်ဆေးများ- သစ္စာနီ



# အပူ ရှောင်သူများ

နေတော်တော်ပူသည်။ ခန္ဓာကိုယ်မှ ထွက်သော ချွေးမှာ ဂျိုးဖြူပိုက် ပေါက်နေတာနှင့်တူ၏။ ငယ်ငယ်က မကြာခဏ အာလူးကို မီးဖုတ်စား တတ်သဖြင့်၊ အခု ဝင့်လည်လေသလားပင် ထင်ရ၏။ ရန်ကုန်တွင် ဖာရင် ဟိုက်ဒီဂရီ ၁၀၅၊ ၁၀၆ ရှိ၏။ မကွေးမှာ ၁၁၃ တဲ့။ ရန်ကုန်အပူရှိန်လောက် ကိုပင် ကျောကော့အောင် ခံရသည်။ ကျွန်တော်တို့တစ်တွေမှာ အညာကလူတွေ ဘယ်လိုနေကြပါလိမ့်ဟု တွေးပူမိသည်။ ပြောရင်း ဆိုရင်းပူတာက အတွေးထဲတောင် ရောက်နေပြီ။

'ရွှေရည်မြင့်မြတ်' စာအုပ်တိုက်

ကမ္ဘာကြီးက တစ်နေ့တခြား ပေါင်မုန့်ဖုတ်တဲ့ဖိုနှင့် ပိုတူလာ၏။ ဖန်လုံအိမ် အာနိသင်ကြောင့် သစ်တောပြုန်းတီးမှုကြောင့် အိုဇုန်းလွှာ ပေါက်ပြဲသောကြောင့် စသဖြင့် အကြောင်းရှာကြည့်ကြသည်။ တစ်ခု တော့ ရှိသည်။ ဤကိစ္စကျွန်တော့်တွင် တာဝန်မရှိပါ။ ကျွန်တော့်တွင် ဖန်လုံအိမ်မပြောနှင့် ဖန်ဂေါ်လီလုံးပင်မရှိ။ သစ်တောခုတ်ဖို့ မပြောနဲ့ မြက်တစ်ပင် တောင်မနုတ်။ အိုဇုန်းလွှာကိုလည်း ကျွန်တော် မဆုတ်ဖြဲ။ (လက်ဆော့ ခြေဆော့ ကလေးတစ်ယောက်က ဆုတ်ဖြဲရင်တော့ ကျွန်တော်မသိ) အရင်းစစ်တော့ အပြစ်ရှိသူက လေးပစ်သူ ဘုရား ကျွန်တော်မဟုတ်ဘဲ၊ နွေဖြစ်၍နေသည်။ နွေပဲ ပူမှာပေါ့။ သဘာဝဓမ္မ တွေကတော့ ဒီလိုပင် ပြောပေလိမ့်မည်။

ပူတယ်ဆိုသူက မပူအောင်နေ။ ဒီနေရာမှာ လူတွေအပူကို ခုခံပုံက တစ်ယောက်တစ်မျိုး ဖြစ်နေသည်။ တချို့က ခရမ်းလွန်ရောင် ခြည်ဒဏ် ကာကွယ်နိုင်သည်ဆိုကာ ငွေရောင်ထီးတွေနှင့် ခုခံသည်။ တချို့က ရေခဲ စိမ်ဘီယာနှင့် ခုခံသည်။ တချို့က လေအေးပေးစက်နှင့် ခုခံသည်။ တချို့က အေးမြသော တောင်ပေါ်မြို့များနှင့် ပင်လယ် ကမ်းခြေများသို့ ထွက်ကာ (အပူရောင်နည်းဖြင့်) ခုခံကြသည်။ ကျွန်တော်ကား ဤနည်းတွေ မတတ်နိုင်သဖြင့် အရိပ်ကောင်းသော

သစ်ပင်အောက်တွင်၊ ပက်လက် ကုလားထိုင်တစ်လုံး ခင်းကာ ယပ်တောင် တစ်ဖျပ်ဖျပ်ခတ်ရင်း ခုခံရသည်။ အင်မတန်လည်ပုံရသော ကျွန်တော့်မိတ်ဆွေတစ်ယောက်က ခြင်ထောင် ကို ရေဆွတ်ကာ ထောင်ရင်း၊ အထဲဝင်ထိုင်သည်။ အဲဒါ မိတ်အင်ဒီတွင် ဖြစ် အဲယားကွန်းကွ၊ ငွေကုန်ကြေးကျလည်း သက်သာတယ်၊ ဇိမ်လည်းရှိ တယ်ဟု ဆိုလေသည်။ ရေစိုခြင်ထောင်ကို လေတိုးသဖြင့် အေးနေပုံက တကယ့်လေအေးစက်တပ်ထားတဲ့အတိုင်းပဲ။ (ဤစာကိုဖတ်ပြီး နည်းကောင်းတစ်ခုခုရပြီ၊ လိုက်မလုပ်စေချင်ပါ။ ထိုကျွန်တော့်မိတ်ဆွေ လေဖြတ်၍ကွယ်လွန်သွားတာ မကြာသေးပါ)

အပူကို နည်းမှန်လမ်းမှန် ရှောင်တတ်ဖို့ လိုပါသည်။ အခုခေတ်က အနက်ရောင် ဖက်ရှင်ခေတ်ဆိုတော့ နေပူကျဲကျဲတွင် အနက်ရောင်ဝတ်စုံတွေနှင့် လှုပ်ရှားသွားလာ နေကြသည်။ ကောင်လေး၊ ကောင်မလေးတွေကို မြင်တိုင်း သူတို့အစား ကျွန်တော် ကျောရေခင်ပါ ပူလှသည်။ အနက် ရောင်သည် အပူစုပ်အား ပြင်းထန်လှရာ၊ အပူပိုင်းဇုံဒေသ နိုင်ငံများတွင် လုံးဝဝတ်ရန် မသင့်တော်။ (အေးမြသော ဥရောပနိုင်ငံတွေမှာတော့ အချိန်မရွေး ဝတ်ရတာပေါ့။ တုပရာတွင် သတိထားရမယ့်အချက်တွေ ရှိသည်) ကိုလာယဉ်ကျေးမှု ထွန်းကား

လာတော့ မပြောချင်တော့။ သို့သော် အအေးသောက်လွှန်းလျှင် ဆီးနှင့်ကျောက်ကပ် ထိခိုက်ပျက်စီးနိုင်သည်။ ကောင်းတာက ရေနွေး ပူပူလေး သောက်ခြင်းသာဖြစ်သည်။ ချွေးကလေး စိုစိုနှင့် အေးမြနေသည်။ ခန္ဓာကိုယ်ကထွက်သော ချွေးထဲတွင် အပူဓာတ် ပါ၍ သွားသည်။ ထိုနည်းတူ ရေနှင့် အငန်ဓာတ်ပါသွားတာလည်း မမေ့သင့် အအေးက ရှောင်သင့်သည်မဟုတ်။ ဥတုဘောဇနကျမ်းမှာတော့ ဦးဘိုးလှိုင်က (အေးအော့စ် ဦးဘိုးလှိုင်မဟုတ်ပါ။ ယောအတွင်းဝန် ဦးဘိုးလှိုင် ဖြစ်သည်) မေထုတ်မှီဝဲမှုကိုပါ ရှောင်ကျဉ်ရမည့် ရာသီဟု ဖော်ပြထားပါသည်။ လူတို့အားအင် ကုန်ခန်း နွမ်းနယ်တတ်သော အခါဖြစ်၍ တားမြစ်ဟန်တူသည်။

နောက်ဆုံးတော့ ဘယ်လိုပင် အပူရှောင်ရှောင် အပူဒဏ်ကိုတော့ အနည်းနှင့်အများ ခံစားကြရမည်သူဖြစ်သည်။ ယခင်က မိုးကို မျှော်သူ များမှာ မိုးရေချိုးချင်သော ကလေးများ၊ ဖားများနှင့် မိုးကာ ကုမ္ပဏီများ၊ ထီးပြင်သည့်ကုလားများသာ ဖြစ်သော်လည်း အခုတော့ ရေခဲရေသည် ကလွဲ၍ အားလုံးပင် မိုးကိုမျှော်ကြကုန်သည်။ မိုးကလည်း မျှော်လင့်တုန်း ကျော့ဆုံးမလာ။ ဟန်တစ်ခါပြင် ရွှေစင် ဆယ်တင်းလုပ်နေ၏။ သို့သော် ဤသို့သော်ကား ဤသို့သော်ဖြစ်၏။

တစ်ရက် လက်ဖက်ရည်ဆိုင်တွင် မိုးရွာရင် ကောင်းမယ်ဗျာဟု ထုတ်ဖော်ပြီး ငြီးမိတော့ အတူထိုင်နေသူများ ၏ ဝိုင်းဝန်းကန့်ကွက်ကာခံလိုက်ရ၏။

(မိုးမရွာနဲ့ဦး၊ အိမ်ပြန်မိုးဦးမယ်။ မနီဈေးတွေကလည်း တက်နေပြီ) (မိန်းမက တီဗွီက ကြော်ငြာတွေကြည့်ပြီး ခေါက်ထီးအသစ်ပူဆာနေပြီ။ သူ့ထီးက ငါးနှစ်ရှိပြီတဲ့) (မိုးကျတာနဲ့ ကလေးတွေကျောင်းအပ်ရတော့မယ်လေ ကျောင်းအပ်ခ၊ စာအုပ်ဖိုး၊ ဝတ်စုံဖိုး၊ ကျူရှင်လခ) (အဲဒါမှုနဲ့အတူ ပေါ်လာတတ်တဲ့ မိုးဦးကျ ဒုက္ခခေါ်တယ်။ လူပျိုကြီးရဲ့ မိုးမရွာနဲ့ဦး) ဟု ဆိုကြသည်။ ရွာမယ့်ရွာလည်း ပေါက္ခရဝသမိုး၊ လူပျိုကြီးတွေကြီးပဲ ကွက် ရွာချင် ရွာပေါ့တဲ့။ တတ်လည်း တတ်နိုင်တဲ့သူတွေ။

ခင်းဗျားတို့ မပူဘူးလားမေးတော့ (ပူတာ ပေါ်ဗျာ၊ ဒါပေမယ့် နားပူ တာထက်စာရင် ကျေပူတာက တော်သေးတယ် မဟုတ်လား။ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေတဲ့) ဒါကြောင့် ဘုရားရဟန္တာနှင့် သူတော်စင်တို့သည် ကိစ္စများမြောင် လူတို့ဘောင်ကို ကွေ့ရှောင်ကွင်းကျော် မမွေ့လျော် နိုင်ကြပဲ၊ လောကီမှုများနှင့် ကင်းဝေးရာ တောထွက်၍ အေးကွက်ရှာကြခြင်းဖြစ်မည်။ ထို့ကြောင့် သူတို့သည်သာ

အစစ်အမှန် အပူရှောင်သူများဟု ယူဆရပေတော့မည်။

(အပူဘေးမှ ကင်းဝေးပါစေ)

*

အတွဲ ၂၊ အမှတ် (၁၆)

# မိုးဦးကျအတွေးများ

သရော်စာအက်ဆေးများ သစ္စာနီ



# မိုးဦးကျ အတွေးများ

ရာသီဥတုဆိုသည်မှာ ယူမိသော တစ်ခုလပ်မနှင့်တူသည်။ မပေါင်း ပြန်ရင်လည်း မဖြစ်။ ကောင်းတာလည်းရှိ ဆိုးတာလည်းရှိ၏။ ပူပြင်းလွန်း လှသဖြင့် မိုးရွာစေချင်သည်မှာ မှန်၏။ ရွာပြန်တော့လည်း အပူဒဏ် သက်သာရ ရတာလည်း မှန်၏။ သို့သော် ခြေခင်းလက်ခင်း မသာသဖြင့် အပြင်ထွက်ရခက်၏။ ကျွန်တော်တို့ မြို့သစ်များတွင် မိုးရွာသည်နှင့် မြောင်းရေလျှံကာ လမ်းတွေကို ရေကျော်ဖုံးလွှမ်း နေတတ်သဖြင့်၊ အပြင်ထွက်လျှင် ခါးတောင်းကျိုက်ကာ ထွက်ကြရ၏။

နွေစီးဖိနပ်ဝယ်ရ၏။ ထီးဝယ်ရ၏။ မိုးသည်းလွန်းနေလျှင် အပြင်မထွက်နိုင်သဖြင့် အိမ်တွင်ပင် ဖျော်သောက်နိုင်ရန် အသင့်သောက်သုံးနိုင်သည့် ကော်ဖီမစ် အထုပ်တွေ ဝယ်ရ၏။ ဝမ်းပိတ်ဆေးနှင့် ဓာတ်ဆားထုပ်တွေပါ ဝယ်ရ၏ (မိုးဦးကျတွင်၊ သရက်သီးမှည့် နှင့် ယင်ကောင်များ သည် ပြိုင်တူ ပေါ်ထွက်လာကြကာ၊ ဝမ်းလျှောရောဂါအခမဲ့ ဖြန့်ဖြူး တတ်သောကြောင့် ဖြစ်၏)

ယခုနှစ် မိုးကျပုံကား၊ အတန်ငယ် ညင်သာ၏။ အနောက်တောင်တွင် မုတ်သုံလေက ပြင်းပြင်းထန်ထန် အစွမ်းမပြသဖြင့် ကျေးဇူးတင်ရ၏။ မနှစ်က မိုးဦးကျတွင် အကြိုမိတ်ဆက်အဖြစ် လေပြင်းဟာ ရှေ့တော်ပြေး ဝင်ရောက်လာရာ၊ သစ်ပင်တွေ ကျိုးကျ၏။ သွပ်မိုးတွေလွင့်သွားသဖြင့် လိုက်ကောက်ကြရ၏။ ယခုနှစ် မိုးရာသီကတော့ မဝင်ချင်သလို၊ ဝင်ချင်သလို နှင့် ဝင်ရောက်လာ၏။ မကျသေးဘူးလိုလိုနှင့် မိုးဦးကျ၏။ ဘာပဲပြောပြော မိုးကျသည်ဆိုသည်နှင့် ဖားသားစားချင်သူတွေ ပါးစပ်ပြင်ကြ၏။ မြန်မာ့ အသံကလူတွေက ဒေါ်စောမြအေးကြည်၏ မိုးဒေဝါ ဓာတ်ပြားနှင့် ကိုမြ ကြီး၏ မိုးသီးချင်း ဓာတ်ပြားတွေကို ဖုန်ခါကြ၏။ ရေခဲရေသည်တွေက ပုံးနှင့်ခွက်တွေ သိမ်းကြ၏။ မိုးကျသည့် လက္ခဏာအဖြစ်၊ ခန္ဓာကိုယ်ပေါ်မှ

မိတ်ဖွဲ့များ၊ လေအေးပေးစက် ကြော်ငြာများ၊ တစ်လတစ်ခါ မီးကင်းဖိုး ကောက်သူများ ပျောက်၍သွား၏။ စံပယ်ပန်း၊ အအေးပတ်သော ရောဂါနှင့် လမ်းပေါ်မှ ဘောလုံးပွဲများ ပေါ်လာ၏။

မိုးတော့ တကယ်ကျလေပြီ ဖြစ်သည်။ မိုးရာသီ မျှော်သူများ ထဲတွင် ထီးပြင်ကုလားများနှင့် စာအုပ်ထုတ်ဝေသူများမှာ ထိပ်ဆုံးက ဖြစ်လိမ့် မည်ထင်သည်။ ခုလို ဖားတွေ တွင်းအပြင်ထွက်သော ကာလ မှာတွင်၊ ပြောင်းပြန်ဖြစ်ကာ၊ လူတွေက တွင်းအောင်းကြ၏။ ခြေခင်း လက်ခင်းမသာသဖြင့် အပြင် မထွက်နိုင်ဘဲ အိမ်ထဲ ဝင်အောင်း နေကာ၊ ပျင်းလျှင် စာဖတ်ကြရ၏။ ထို့ကြောင့် စာအုပ်တွေ ဤရာသီ တွင် အရောင်းသွက်သည်ဟု ဆိုကြသည်။ မှန်သင့်သလောက် မှန်ပါ သည်။ မိုးရွာခြင်းနှင့် မီးပျက်ခြင်းကား၊ အမြွှာပူးတွေ ဖြစ်ပုံရ၏။ မိုးရွာသည်နှင့် မီးလည်း ပြတ်တော့သည်။ (လာရမည့် အလှည့်တွင် ပြတ်ခြင်းကို ဆိုလိုပါသည်) မိုးလာလျှင် လေပါမည်။ လေပါလျှင် သစ်ကိုင်းတွေ ကျိုးနိုင်သည်။ သစ်ကိုင်းကျိုးပါက၊ ဓာတ်ကြိုးတွေ ပြတ်နိုင်သည်။ ဓာတ်ကြိုးတွေပြတ်ပါက လူတွေ အန္တရာယ်ရှိနိုင်သည်။ ဤကဲ့သို့ မြော်မြင်တွေးဆက်၊ ကြိုတင်ကာကွယ်သော အသိနှင့်မီး ပြတ်ခြင်းကို အပြစ်ဆိုစရာမရှိပါ။ မိုးအေးအေးနှင့် နီကိုးလ်ကစ်မင်း

(ဒါမှ မဟုတ်) ဒိုင် ယန်းလိမ်း၏ ဗီဒီဒီရုပ်ရှင်ကား တစ်ကားလောက် ကြည့်မည်ဟု အားခဲထားခဲ့ကာ မီးပျက်သွားသည့်အတွက် အနည်းငယ် ကသိကအောက် ဖြစ်ကြောင်းတော့ ဝန်ခံပါသည်။ ထို့ကြောင့် ကျွန်တော်လည်း စာအုပ်တစ်အုပ် ကောက်ကိုင်ရ တော့သည်။ စာအုပ် ကောက်ကိုင်ရသော်လည်း ပြတင်းတံခါးတွေ မိုးပက်သဖြင့် ပိတ်ထားသော မှောင်ကုပ်ကုပ်အိမ်ထဲတွင် စာဖတ်ရန် အဆင်မပြေလှပါ။

တစ်နေ့ မိုးကျနေသဖြင့် အပြင်မထွက်နိုင်ဘဲ ထုံးစံအတိုင်း ဗီဒီယိုလည်း မကြည့်နိုင်ဘဲ၊ စာလည်း မဖတ်နိုင်ဘဲ ရှိနေစဉ်၊ သူငယ်ချင်း တစ်ယောက်ရောက်လာသဖြင့် အပျင်းပြေစကားပြောစရာ ရှိသွားသည်။ ထို သူငယ်ချင်းက တစ်နေ့က၊ သူအပြင်ထွက်ခိုက် မိုးမိသဖြင့် မိုးခိုစရာရှာရာ အုန်းပင်တစ်ပင်အောက် ရောက်သွားသည်ဟု ဆိုသည်။ မိုးခိုရင်း အုန်းပင်ကို မော့ကြည့်လိုက်မိတော့ မောင်မောင်ညွန့်ရဲ့ 'မိုးသက်လေနှင်' သီချင်း ကို သတိရလိုက်တာ ကွာဟု ဆိုသည်။ ထိုသီချင်းရေးသူမှာ ဂီတနက်သန် ကိုစောညိန်း ထင်ပါသည်။ အင်မတန်နုသောန္တဲ့သော သီချင်းအဖြစ် ကျော်ကြား ပါသည်။ ခက်တာက ကျွန်တော့် သူငယ်ချင်းဆက်ပြောသော စကား ဖြစ်သည်။ (ငါသတိရတာ ဟိုအပိုဒ်ကွာ၊ ရှုလှည့်မြင်လှည့်စေချင့်၊

ချစ်တဲ့သူရဲ့ ရင်ခွင်၊ ဒီမိုးမှောင်တုန်း မောင်ပုန်းပါရစေခင် ဆိုတဲ့ အပိုဒ်ကွာ) ဟု ဆိုလေသည်။ ခက်တာက အုန်းပင်ကို မော့ကြည့်ရင်း ဒီကောင် ဘာတွေမြင်၍ ဒီစာပုဒ်ကို သတိရလေသနည်း ဆိုသော အချက်ဖြစ်၏။ မိုးတိတ်၍ ဒီကောင် ပြန်သွားသည့်တိုင်အောင် ကျွန်တော် အဖြေမပေါ်ဘဲ ရှိနေလေသည်။

*

အတွဲ ၂၊ အမှတ် (၁၇)

# ပြက်လုံးများရဲ့ရာဇဝင်

သရော်စာအက်ဆေးများ သစ္စာနီ



# ပြက်လုံးများ၏ ရာဇဝင်

*"လေတွေ မိုးတွေလာပါလို့ ကဆုန် လပြည့်ကျော်၊ လူပျိုကလေး တွေ လာပါလို့ ခုံဖိနပ်နဲ့ဆော်"*

ယင်းမှာ ကာရန်မဲ့ ကဗျာသော်လည်းကောင်း၊ Hip Hop သီချင်းစာသား တစ်ပုဒ်သော်လည်းကောင်း မဟုတ်ပါ။ လွန်ခဲ့သော အနှစ် ငါး ဆယ်ကျော်က ကျွန်တော့် ဘွားအေကြီးဆိုပြခဲ့သည့် စာချိုးတစ်ပုဒ်သာ ဖြစ်ပါသည်။ 'စင်ပေါ်က လူပြက်က အဲသလိုပြက်တော့ တို့တွေရယ်ကြ တယ်' ဟု ဆိုပါသည်။ ဒီတုန်းက ကျွန်တော့် ဘွားအေ

ကြီး အသက်မှာ (၇၀) ကျော်ခန့် ထင်ပါသည်။ ရှေးခေတ်က လူကြီးများကား၊ အတော်ပင် အပြောအဆို အနေအထိုင် တည်ကြည်ကြဟန်တူ၏။ 'တံတားကြီးပေါ်က၊ ကုလားကြီးချော်ကျ၊ ငါးကြီးကြော်က တစ်ခွက်' ဟု ပြက်လုံးထုတ်သော အခါ စင်အောက်တွင် ပတ်တုပ်မရအောင် ရယ်ကြသည်ဟု ဆိုပါသည်။ ယခုခေတ်သူများမှာ ဤပျက်လုံးမျှလောက်နှင့် ရယ်ကြမည်မထင်ပါ။ ခေတ်တွေ ပြောင်းလဲနေသဖြင့်၊ ပြက်လုံးတွေလည်း ပြောင်းလဲနေရမည်မှာ ဓမ္မတာသာ ဖြစ်ပါသည်။

ကျွန်တော်သည် စာအစုံ ရေးသူဖြစ်ရာ၊ ကျွန်တော့် စာဖတ်ပရိသတ် ထဲတွင်လည်း (မော်ဒန်ဝတ္ထု ကဗျာပရိသတ်၊ နိုင်ငံရေးစာပေ၊ ဘာသာရေး စာပေပရိသတ်ရှိသလို) ရယ်စရာသာ ရွေးဖတ်သော ပရိသတ်လည်း ရှိပါသည်။ (ဥပမာ - မူယာ ပုံပြောမယ်အတွဲများ၊ သောင်းပြောင်းထွေလာမှ စကားပြောသော အက်ဆေးများ) ထို ရယ်စရာတွေ ရွေးဖတ်သူတွေက တစ်ခါတစ်ရံ ကျွန်တော်နှင့် ဆုံသော အခါ ခင်ဗျားက အပြင်မှာတော့ မရယ်ရဘူးဟု ဝေဖန်ကြပါသည်။ စာထဲတွင်သာမက အပြင်မှာပါရယ်ရ သူများမှာ၊ ကျွန်တော်တွေ့ဖူးသမျှ အသက်သုံးထောင် ဂုရုကွေး (အီကြာကွေး) နှင့် သိမ်းတင်သား

(ကိုကြွက်) တို့ ဖြစ်ကြပါသည်။ ရုပ်ရှင် ထဲတွင်သာမက အပြင်မှာပါ ရယ်ရသူများမှာ မောင်သူရ (ဇာဂနာ) တို့ အုပ်စုဖြစ်ပါသည်။ စာထဲတွင်သာ ရယ်ရပြီး အပြင်မှာ မရယ်ရသူများမှာ ကျွန်တော်တစ်ယောက်တည်း ဟုတ်ပုံမရပါ။ အဖော်ညှိရလျှင် ဒီးဒုတ် ဦးဘချို၊ ပီမိုးနင်း၊ သိန်းဖေမြင့်စတဲ့ ဆရာ့ဆရာကြီး ဒီးဒုတ်ဦးဘချိုသည် ဒီဒုတ်ဂျာနယ်တွင် ဒီးဒုတ်အမည်ခံ၍ ပစ္စုလက်ခတ်ကျမ်းဟူ၍ လည်းကောင်း၊ ပေါက်ဆိန်၊ ပိုက်ဆံကြီး နောက် မြန်မာ့အလင်းတွင် လေပွေဟူ၍ လည်းကောင်း၊ ပြောင်မြောက်သော သရော်စာ၊ စာပြောင်များကို ရေးသားခဲ့သူ ဖြစ်ပါသည်။ ဆရာဦးသိန်းဖေမြင့်သည်လည်း ၉၁ ၅၁န အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဦးစော ဘိလပ်သွားစဉ်က (၁၉၄၁) မြန်မာအလင်းသတင်းစာတွင် နေ့စဉ်ရက်ဆက် 'တစ်ကောင်ကြွက်' အမည်ခံ၍ 'ဦးစောဘိလပ် သွားပြဇာတ်' ကို ရေးရာ၊ သတင်းစာစောင်ရေပင် ခုန်တက်သွားလောက်အောင် အောင်မြင်ခဲ့ပါသည်။ ထိုဆရာကြီးများသည် အပြင်တွင် ရယ်စရာကောင်းသူများ မဟုတ်ကြပါ။

သို့သော် ဂျာနယ်စာစောင်များတွင် အစောဆုံး ဟာသရသပါသော ဆောင်းပါးများကို ရေးသားခဲ့သူမှာ ၁၉၁၂ က သူရိယသတင်းစာ

တွင် ဆောင်းပါးများ ရေးခဲ့သူ မစ္စတာမောင်မှိုင်းအမည်ခံ ဆရာကြီး သခင် ကိုယ်တော်မှိုင်း ဖြစ်ပါသည်။ ဆရာကြီးသည် -

'တစ်မျိုးဝဠ်ကြမ္ဘာ၊ ဆန်းကြယ်တဲ့ ငနဲမှာဖြင့်၊ မုဆိုးချွတ် ကာလမ်း လယ်မှာ လှဲလိုက်ချင်တော့၊ မင့်ကိုယ်က ကဲတာကြောင့်၊ အခြေရှိင်း ဘ ဟယ် (အမယ်လေး) တင့်အပျိုနဲ့ လွဲရချည်ပေါ့ ရွှေမှိုင်းရယ်' ဟု သူ့ ဆောင်းပါးကို လေးချိုးဖြင့် စတတ်သူဖြစ်သည်။ (ထိုဆောင်းပါး အမည်မှာ 'မယ်တင့်က ပြန်မရေးသဖြင့်၊ တွေးမိတိုင်း စိတ်နာရခြင်း အကြောင်း'ဟု ဖြစ်သည်။ မာရ်နတ်မင်းသည် ဝသဝတ္တီနတ်ပြည်ကို ပိုင်စိုးသူမဟုတ် ဂျာနယ်များထဲတွင် အပြန်အလှန်ငြင်းခုံ ရေးသား နေကြစဉ် မယ်တင့်ခြောက်တန်း ရောက်လမ်း ဆိုသူက ဝင်ရောက် ရေးသားရာမှာ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် စာချင်းငြိ ကြခြင်း ဖြစ်သည်။ ထိုမယ်တင့်မှာ မကြာသေးခင်က ဆီဒိုးနားဟိုတယ်တွင် တစ်ပင်တိုင် သီဆိုကပြသွားသော ရွှေမင်းသမီးလေး တင့်တင့်ထွန်းနှင့် မည်သို့မှ သက်ဆိုင်ခြင်း မရှိပါ။ ဤကား စကားချပ်)

ယနေ့ခေတ်ကို ဂျာနယ် ရွှေခေတ်ဟုဆိုလျှင် ထိုခေတ်ကို ဂျာနယ် ငွေခေတ်ဟု ဆိုနိုင်မည် ထင်ပါသည်။ ထွက်နေသော စာစောင်များကို ကြည့်ပါ။ သူရိယ၊ မြန်မာ့အလင်း၊ သစ္စဝါဒီ၊ ပညာအလင်း၊ မြန်မာ့

ဝန်ထမ်း၊ မန္တလေးတိုင်းချစ်၊ ဗန္ဓုလ၊ မြန်မာ့ရီဗျူး၊ မြန်မာ့ယုဝ၊ အင်ဒီပင်း ဒင့်၊ ဝံသာနု၊ ဝံသာနုဂေဇက်၊ ဝရဇိန်၊ ဟုမ္မရူးဂျာနယ်၊ ရန်ကြီးအောင်၊ အာဇာနည်၊ ရန်ကုန်၊ အောင်ဇေယျ၊ ဥက္ကလာပ၊ သမ္မတ၊ မြန်မာ့ဗျူဟာ၊ အောင်သြဘာရီဗျူး၊ မြန်မာနုဂ္ဂဟ၊ ကြယ်တံခွန်၊ မေဓာဝီ၊ အော့ ဗဇားဗား၊ ဖရီးဘားမားစသဖြင့် များပြောင်လှပါသည်။ ထိုခေတ် ထို အခါက ထုတ်ဝေနေသော စာစောင်ဂျာနယ်များတွင် ခပ်ရှင်ရှင်ပုံစံဖြင့် ရေးသားတင်ပြသည့် ဟာသ၊ စာပြောင်၊ သရော်စာဆို သည်မှ မပါ လျှင် မဖြစ်သောအရာ ဖြစ်ပါသည်။ ဘကြီးဘဘေ၏ နတ်ကြီးခန်း (ဆူးလေ၊ မှော်ဘီ၊ ဗိုလ်တထောင် နတ်ကြီးသုံးပါး စကားစု ပြောနေ သကဲ့သို့ ရေးသည်) မြန်မာ့အလင်း ဦးစိန်၊ တင်းပုတ်ကြီး အမည်ခံ ဗန္ဓုလဦးစိန်၊ မြန်မာရီဗျူးမှ ဘောက်ကြီး၏ ဆောက်ဒီကာ၊ ဝံသာနုမှ မိုးလုံး၊ ဦးညာဏ၏ ကလောင်ခွဲဖြစ်သော ဂျီကာ၊ သူကြီးဂေဇက် ဦးခင်မောင်၊ ကွာစိအမည်ခံရေးသော အင်ဒီပင်းဒင့် ဒေါ်စန်း စသူတို့ ဖြစ်သည်။

ထိုခေတ်က အများဆုံး ရေးသားကြသည်မှာ Political Staire ခေါ် နိုင်ငံရေး သရော်စာများဖြစ်သည်။ အုပ်စိုးသူ ဗြိတိသျှကိုလိုနီ နယ်ချဲ့ အစိုးရ၏ ဗျူရိုကရက်စနစ်ကို လှောင်ပြောင်ကာ ရေးကြသည်။

'တောင်ကျရေ နွားနှစ်ကောင် မဝသလိုပ၊ အောင်ဘဘော ငါးထောင် မရတာကြောင့်' ဆိုသော ဆရာကြီး၏ အရေးအသားမျိုး ဖြစ်သည်။ အုပ်ချုပ်သူ အစိုးရမှာ နာလိုခံခက်ဖြစ်သော်လည်း ဟာသ သဘောဖြစ်သဖြင့် ဥပဒေကြောင်းအရ အရေးယူမရ ဖြစ်၍နေသည်။

နိဂုံးချုပ်ရလျှင် မြန်မာစာပေလောက၌ ဆရာ့ဆရာကြီးများသည် လည်း ဟာသကို ရေးခဲ့သည်ဆိုသော အချက်ဖြစ်ပါသည်။ ကောင်းကင် ဘုံတွင် ဟာသမရှိဆိုသော စကားမှာ ဟာသကို ချီးမြှောက်ရာ ရောက် လွန်းသည်ဟု ထင်ရသည့်တိုင်အောင် ဟာသသည် လူနှင့်တိရိစ္ဆာန် တို့ကို အဓိက ခွဲခြားထားသော အရာဖြစ်သည်ဆိုသော အချက်ကို တော့ မငြင်းပယ်ချင်ပါ။ ကမ္ဘာပေါ်တွင်လူသည်သာ ရယ်မောတတ် သည့် တစ်မျိုးတည်းသော သတ္တဝါဖြစ်ပါသည်။ ကျွန်တော်တို့လို ဟာသရေးနေသူများသည် တနည်းအားဖြင့် လူများကို လူဆန်အောင် ကူညီနေသူများသာ ဖြစ်လေသည်။

*

အတွဲ ၂၊ အမှတ် (၁၈)

# တိရစ္ဆာန်ရုံများပျောက်ကွယ်တော့မည်လော

သရော်စာအက်ဆေးများ

သစ္စာနီ



# တိရစ္ဆာန်ရုံများ ပျောက်ကွယ်တော့မည်လော

မစ်ဇူရီသည် မစ္စစ္စပီ မြစ်အတွင်းသို့ စီးဝင်သွားသော ကီလိုမီတာ ၄၀၀၀ ကျော် ရှည်လျားသည့် မြစ်ကြီးဖြစ်ပါသည်။ ယခုအခါ အမေရိကန် ပြည်နယ် တရားသူကြီးတစ်ဦးက ထိုမြစ်၏ ရေမျက်နှာပြင်ကို နိမ့်ချပေးရန် အင်ဂျင်နီယာတပ်ဖွဲ့ကို အမိန့်ထုတ် ပြန်ထားပါသည်။ ထိုတပ်ဖွဲ့မှာ မြစ်ရေကို ထိန်းချုပ်သည့် ဆည်ကို တာဝန်ယူနေရသူများ ဖြစ်ကာ ထိုသို့ ပြုလုပ်ရန် တရားသူကြီးတစ်ဦးထံမှ ခွင့်ပြုချက်ရထားပြီးလည်း ဖြစ်သည်။ (မြစ်ရေကို ထိန်းချုပ်ထားရခြင်းမှာ မြစ်အတွင်း

သင်္ဘောများ ခုတ်မောင်း သွားလာနိုင်ရန် ဖြစ်သည်။) ယခုကိစ္စမှာ ဥပဒေချင်း ထိပ်တိုက်တွေ့ရသော ပြဿနာ မဟုတ်ပါ။ ဥပဒေနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးထိပ်တိုက်တွေ့ကြသော ပြဿနာ မဟုတ်ပါ။ ဖြစ်ပုံမှာ ဤသို့ဖြစ်၏။ ထိုမြစ်အတွင်း သဲကျွန်းများပေါ်တွင် မှီတင်းနေထိုင်သော ငှက်များအနက် ငှက်နှစ်မျိုးမှာ မျိုးတုံးရမည့် အန္တရာယ်ရှိနေသည်ဟု ဆိုလေသည်။ လက်ရှိ အခြေအနေအရ ထိုငှက်များ ဥအုရမည့် အချိန်၌ သဲကျွန်းများမှာ မြစ်ရေ မျက်နှာပြင် အောက် ရောက်နေသည်ဟု ဆို၏။ ထို့ကြောင့် ငှက်ဝန်ဆောင် များ ဒုက္ခမရောက်စေရန် ရေမျက်နှာပြင်ကို နှိမ့်ချပေးရမည်ဟု သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝါဒီတွေက တောင်းဆိုထားခြင်း ဖြစ် သည်။ ထိုသို့နှိမ့်ချလိုက်ပါက ဆည်ရေသောက်နေရသော လယ် သမားများနှင့် သင်္ဘောခရီးသွားလာရေးလုပ်ငန်း ထိခိုက်ရပေမည်။ ဘယ်လမ်းကို ရွေးမည်နည်း။

မကြာသေးမီနှစ်များအတွင်း နေရာတကာ ငပွကြီးဖြစ်နေ သည်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး (Environments) ဆိုသောအရာ ဖြစ်နေသည်။ ကမ္ဘာပေါ်တွင် လူတိုင်းလိုလို ပြောနေ ကြပြီး လူတိုင်းလိုလို မလိုက်နာကြသောအရာမှာလည်း ထိုအရာသာ

ဖြစ်သည်။ (ကျွန်တော်တို့ ကိုယ်တိုင်ပင် ကိုယ်အသုံးပြုပြီးသော ကြွပ်ကြွပ်အိတ်များကို တစ်နေ့တည်းတွင်ပင် လေးငါးကြိမ်ခန့် အလွယ်တကူ လွှင့်ပစ်နေကြသည်။) တစ်ဖက်ကလည်း လူအဖွဲ့အစည်း ဂေဟဗေဒဆိုင်ရာ အသိစိတ်ဓာတ်ကို ဖွတ်အတင်း ရိုက်သွင်းရန် အပူတပြင်း လိုအပ်နေပြီဟု ပြောဆိုနေကြသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်ဟုဆိုကာ စည်းကမ်းချက်တွေ၊ ကျင့်ဝတ်တွေ၊ ဥပဒေတွေ၊ စီမံကိန်းတွေ၊ တားမြစ်ချက်တွေ၊ ကန့်သတ်ချက်တွေကို ပွက်လောညံအောင် ထုတ်လုပ်နေကြသည်။ အိုဇုံးလွှာ ပေါက်ပြဲမှု၊ ဖန်လုံအိမ် အာနိသင်၊ လေထုညစ်ညမ်းမှု၊ ရေထုသန့်ရှင်းရေး၊ တိရစ္ဆာန်များ မျိုးတုံးမှုအန္တရာယ်၊ မြေဆီလွှာမပြုန်းတီးရေး၊ သစ်ပင် သစ်ဥများ မပပျောက်ရေးစသဖြင့် လူတွေနေစရာမရှိအောင် အနေခက်အောင် ဖြစ်နေပြီဟု တချို့က ညည်းညူကြသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝါဒသည် ဘုံဗီလိန်ဖြစ်ကာ တချို့နေရာများတွင် (anti-environmentals) ဆန့်ကျင်ရေးအယူအဆတွေ ပေါ်ထွန်းလာရသည်။ သူတို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝါဒီဆိုသူတွေမှာ ခေတ်မမီတော့သော စိတ်ကူးယဉ် သဘာဝဝါဒီ (naturalists) တွေ မြေကြီးကို မြေဘုတ်ဘီလူးကို

ကိုးကွယ်သူတွေဟု စွပ်စွဲလာကြသည်။

နယူးယောက်မြို့တော်မှ ဗရင်ဂျီဂိုဏ်းချုပ်ကြီးကပင် "ကမ္ဘာ့မြေကြီးဟာ လူသားတွေအတွက် တည်ရှိနေတာဖြစ်ပြီး လူသားတွေဟာ ကမ္ဘာမြေကြီးအတွက် တည်ရှိနေတာ မဟုတ်ဘူး" ဟု ဆိုလာသည်။ သူ့စကားမှာ အမှန်ပင် ဖြစ်ပါသည်။ ဤကမ္ဘာသည် လူ့ကမ္ဘာပင်ဖြစ်ကာ တိရစ္ဆာန်တို့၏ ကမ္ဘာ၊ ရုက္ခဗေဒ ကမ္ဘာမဟုတ်ပါ။ သမိုင်း အဆက်ဆက်ကပင် မည်သည့် အမှုကိစ္စ၌မဆို (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး) ကျွန်တော် တို့သည် လူကို ဗဟိုပြု စဉ်းစားတတ်အောင် ကြိုးစားလာခဲ့ ကြပါသည်။ သဘာဝတရားကြီးကို ထိန်းသိမ်းရန် လိုအပ်သည်ဟူသော အချက်ကို ငြင်းဆိုရန် အားမထုတ်ပါ။ ထိုသို့ ထိန်းသိမ်းရသည်မှာ သဘာဝတရားကြီးအတွက် မဟုတ်ဘဲ လူတို့၏ အကျိုးစီးပွားအတွက်သာ ဖြစ်သည်ဆိုသော အချက်ကို မျက်ခြည် မပျက်ကြရန် သတိပေးလိုခြင်းသာ ဖြစ်ပါသည်။ ဥပမာ-အမေရိကား၊ အလာစကားပြည်နယ်၊ အမျိုးသား ဘေးမဲ့တော၏ မြေပြင် အောက်တွင် အကြီးဆုံး ရေနံသိုက်ကြီးတစ်ခု ရှိနေပါသည်။ သို့သော် တူးဖော်လိုက်ပါက ထိုဒေသရှိ အာတိတ်ဒရယ်များ မျိုးတုံးရလိမ့်မည်ဟူသော အကြောင်းပြချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝါဒီတွေက ကန့်ကွက် နေကြပါသည်။ ထို့ကြောင့် အမေရိကန်သည် အရှေ့အလယ် ပိုင်း ဒေသအတွင်း ရေနံအတွက်၊ လူ့အသက်များစွာ ဖြုန်းတီးသော စစ်ပွဲတွေ ဆင်နွှဲနေရပါသည်။ ယင်းကိစ္စမှာ ထိုက်တန် ပါ၏လော။

မကြာသေးခင်က ကျွန်တော့် သူငယ်ချင်း၏ မြောက်ဥက္ကလာပ မြို့နယ်မှ တဲကလေးသို့ အလည်အပတ် ရောက်သွားပါသည်။ သူသည် ဆယ်တန်းရောက်အောင် ကျောင်းနေဖူးသဖြင့် ဆိုက်ကားသမား ဆိုသော်လည်း စာအတန်ဖတ်သူ ဖြစ်ပါသည်။ သူတို့တဲဘေးမြောင်း အစပ်တွင် အလေ့ကျပေါက်နေသော ကန်စွန်းပင်များ ရှိပါသည်။ ကလေးများက ကန်စွန်းရွက်ကြော် စားချင်သည်ဆိုသဖြင့် သူ့ဇနီးက ခူးမည်ပြင်သောအခါ သူက ဟန့်တားပါသည်။ "ဒီမိန်းမ၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အကြောင်း ဒီလောက်တောင် နားမလည် ဘူးလား" ဟု ဟောက်ကာ တရားဟောပါတော့သည်၊ ကျွန်တော့် အမြင် မှာတော့ ကျွန်တော့် သူငယ်ချင်းသည် (Hyper- environmentalist) တစ်ယောက်သာ ဖြစ်ပါသည်။ သူက ကျွန်တော့်ဘက် ဦးလှည့်ကာ ပြောပါသေးသည်။ "ကမ္ဘာပေါ်မှာ တိရစ္ဆာန်ရှုံတွေ ပျောက်ကွယ်သွား မှာ ကျွန်တော်ကတော့ တွေးပူနေသည်။ ကျွန်တော့် ကလေးတွေက

လိုက်ပို့ဖို့ ပူဆာရင် ပို့စရာနေရာ မရှိမှာစိုးလို့” ဟု ဆိုပါသည်။

*

အတွဲ ၂၊ အမှတ် (၁၉)

# မျိုးသုဉ်းတော့မည့်သဘာဝတရားကြီး

သရော်စာအက်ဆေးများ သစ္စာနီ



# မျိုးသုဉ်းတော့မည့် သဘာဝတရားကြီး

တစ်နှစ်က ဥရောပသမဂ္ဂ ရေလုပ်ငန်းဝန်ကြီးများ အစည်း အဝေးက ကြေငြာချက်တစ်ခု ချမှတ်ထုတ်ပြန်ခဲ့ပါသည်။ မျိုးသုဉ်းရန် အန္တရာယ် ရှိနေသည်ဆိုသော ကော့ဒ်ငါးဖမ်းဆီးမှုကို (၄၅)ရာခိုင်နှုန်း အထိ လျှော့ချရန် အစီအစဉ်လည်း ပါရှိပါသည်။ ငါးဖမ်းသင်္ဘောများ တစ်လတွင် (၁၅)ရက်နားရန် ဖြစ်သည်။ ရေလုပ်သားများက ထို တားမြစ်ချက်ကို ဖောက်ဖျက်မည်ဟု ဆိုကြပါသည်။ သဘာဝ ပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဝါဒီများကမူ၊ ဤမျှလောက်ဖြင့် မျိုးသုဉ်းမည့်

ရေအဏ္ဏဝါမျိုးစိတ်များအား ကယ်တင်ရန် မလုံလောက်ဟု ဝေဖန် ဖြစ်တင်လိုက်ကြပါသည်။

အဏ္ဏဝါ ဗေဒပညာရှင်များ၏ အဆိုအရ ဤရာစုနှစ်ထဲတွင် ငါးမျိုး စိတ် (၁၆)စိတ် မျိုးတုံး ပျောက်ကွယ်သွားသည်ဟု ဆိုပါသည်။ ဤနေရာတွင် မေးခွန်းထုတ်လိုသည်မှာ၊ ပျောက်ကွယ် မျိုးတုံးသွားပြီဟု သေသေချာချာ ပြောနိုင်လောက်အောင် ပြောဆိုသူများသည် ပင်လယ် သမုဒ္ဒရာထဲတွင်၊ နေရာကွက်လပ်တစ်လက်မ မကျန်အောင် စေ့စေ့ စပ်စပ်ရှာဖွေပြီးပြီလား ဆိုသော မေးခွန်းဖြစ်သည်။ စကားကတ်သည် ဟု မယူဆစေလိုပါ။ ရက်ပိုင်းလောက်ကပင် လွန်ခဲ့သော သန်းပေါင်း (၅၀၀) ကျော်က မျိုးတုံး ပျောက်ကွယ်သွားပြီဟု သတ်မှတ်ခဲ့ကြသော ငါးမျိုးစိတ် တစ်မျိုးကို အင်ဒို နီးရှားကျွန်းစုအနီးတွင် အုပ်လိုက် ဖမ်းယူရရှိသည်ဆိုသော သတင်းကို ဖတ်လိုက်ရသောကြောင့် ဖြစ်ပါ သည်။ ထိုငါးမျိုးကို လွန်ခဲ့သော တစ်နှစ်ခန့်ကလည်း အလှမ်းဝေး လှသည့် အာဖရိက ကမ်းခြေတစ်နေရာတွင် ကျယ်ဝန်းသလို သတ္တဝါ တို့၏ ကံတရားကလည်း ကျယ်ဝန်းကြောင်း ပြောလိုခြင်း ဖြစ်ပါသည်။

ဇွန်လ (၅)ရက်နေ့သည် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးနေ့ (World Environment Day) ဖြစ်ပါသည်။ သဘာဝကို

ကယ်တင်ရန် ကျွန်တော်တို့ ကြိုးစားမည်ဆိုပါက၊ အတန်ငယ်အချိန် နောက်ကျနေပြီဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသား ပေါ်ထွန်းစ ကာလကပင် သဘာဝတရားကြီးသည် အပျို့ရည်ပျက် ခဲ့ပြီးသောကြောင့် ဖြစ်ပါသည်။ သဘာဝအတိုင်း တောထဲတွင် ရှိနေသည့် တိရစ္ဆာန်ကို ဖမ်းဆီးစားသောက်ရာမှ မွေးမြူစားသောက် ခြင်းသည်လည်းကောင်း၊ သဘာဝအတိုင်း ပေါက်ရောက်နေသည့် အသီးအနှံများကို ဆွတ်ခူးစားသောက်ရာမှ လူတို့ စိုက်ပျိုး စား သောက်ခြင်းသည်လည်းကောင်း၊ သဘာဝကို ပြုပြင်ခြင်း၊ တုပခြင်း (သို့မဟုတ်) စတင်ဖျက်ဆီးခဲ့ခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့သည် ရှည်လျားသော ယဉ်ကျေးမှု သက်တမ်းတစ်လျှောက်လုံးတွင်ပင် သဘာဝကို ကြိမ်ဖန်များစွာ ပြုပြင်ခဲ့ပြီးပြီဖြစ်ရာ၊ ယခုအခါ သဘာဝ အစစ်ဟု ခေါ်နိုင်သော အရာပင်မရှိသလောက် ရှားပါးနေပြီ ဖြစ်သည်။ ကမ္ဘာပေါ်ရှိ သစ်တောအတော်များများပင် လူတို့အကြိမ်ကြိမ် ပြန်လည် စိုက်ပျိုးခဲ့သော သစ်တောများဖြစ်နေပြီ။ ထို့ကြောင့် ကျွန်တော်တို့နှင့် ယနေ့ ယဉ်ပါးနေသော သဘာဝတရားကြီးသည် ပြန်လမ်းမရှိတော့ဟု ပြောဆိုနေကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာမြေကြီးကို သဘာဝလွန် ကမ္ဘာကြီး (Post Natural

World) ဟု ပြောဆိုနေကြခြင်း ဖြစ်သည်။

ယဉ်ကျေးမှုဆိုသည်မှာ လူတို့က ပြုပြင်ထားသော သဘာဝအတု ကိုပင် ခေါ်ဆိုပါသည်။ ဥပမာ - နေရောင်၊ လရောင်အစား အလင်း ပေးနိုင်သော လျှပ်စစ်မီးလုံးကို ကျွန်တော်တို့ ဖန်တီးခဲ့သလိုမျိုး ဖြစ်ပါ သည်။ ကမ္ဘာလောကကြီး ပေါ်ပေါက်လာခဲ့သည်မှာ မဟာပေါက်ကွဲမှု သီအိုရီအရ နှစ်ပေါင်း (၁၂ နှင့် ၁၅) ဘီလျံအကြားတွင် ရှိသည်ဟု ဆို ပါသည်။ ကမ္ဘာပေါ်တွင် ဆင့်ကဲ့ဖြစ်စဉ်အရ သက်ရှိသတ္တဝါ အမျိုးမျိုးတို့ ဖြစ်တည်လာခဲ့ပါသည်။ ဇီဝဆိုတဲ့ အသက်ရှိတဲ့ သဘောစတင်ဖြစ်ပေါ် လာတာက လွန်ခဲ့တဲ့ နှစ်သန်းပေါင်း လေးထောင် ပတ်ဝန်းကျင်လောက်က ဖြစ်ပါသည်။ အီဗလူးရှင်ခေါ် တစ်စတစ်စ ဖြစ်ပေါ် တိုးတက်မှုသဘောမှာ လူ့သက်တမ်းနှင့်စာလျှင် နှိုင်းဆ၍မဖြစ်နိုင်လောက်အောင် နှေးကွေးသည်ဟု ဆိုနိုင်ပါသည်။ လူတို့ စတင်ဖြစ်တည်လာသည်မှ ယနေ့ ယဉ်ကျေးမှုကာလသည် ပင်လျှင် လျှပ်တစ်ပျက်မျှသာ ဖြစ်ပါသည်။ ဒိုင်နို ဆောသတ္တဝါကြီး များပင် ကမ္ဘာပေါ်၌ နှစ်သန်းပေါင်း (၁၃၀) ကြာအောင် စိုးမိုးနေထိုင် ခဲ့ကြပါသည်။

ယခုအခါ ထိုဒိုင်နိုဆော သတ္တဝါကြီးများမှာ၊ မျိုးတုံး

ပျောက်ကွယ်သွားကာ သူတို့နှင့်ခေတ်ပြိုင်ပိုးဟပ်များကတော့ ယနေ့ခေတ်တိုင် အသက်ရှင် ကျန်ရစ်နေပါသည်။ သက်ရှိ သတ္တဝါတိုင်းပင် သဘာဝတရားကြီး၏ 'တော်သူနေ၊ မတော်သူသေ' စံဖြင့် ရွေးချယ်စိစစ်ခြင်း ခံခဲ့ရပါသည်။ သို့သော် ခန္ဓာကိုယ် သေးငယ်သလောက် ဉာဏ်ကြီးလှသော ကျွန်တော်တို့ လူသားများသည် ထိုသဘာဝတရားကြီးကို နဖားကြိုးထိုးရန် ကြိုးစားခဲ့ကြ ပါသည်။ ထို့ကြောင့် ယခုအခါတွင် သဘာဝတရားကြီး ကိုယ်တိုင်ပင် မျိုးတုံးလုနီးအန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။ ဥပမာ- တစ်ခုပေးပါမည်။ အမေရိကန်ပြည်ထောင်စုရှိ စတိုးဆိုင် (၁၀၀၀) ကျော်တွင်၊ သဘာဝသံများကို ရောင်းချလျက် ရှိပါသည်။ သဘာဝသံဆိုသည်မှာ သမုဒ္ဒရာလှိုင်းတိုက်ခတ်သံ၊ ငှက်မြည်သံ၊ ခြသေ့်ဟိန်းသံမှ မိုးကြိုးပစ်သံ အထိပါဝင်သော အသံများကို (Nature Recordings) ပြုလုပ်ကာ ခေတ်ပြားများကိုလည်း အမည်လှလှလေးတွေ ပေးထားကြပါသည်။ ကန္တာရမြေ (Wilderness)၊ တောင်ကျစမ်း (Mountain Stream)၊ ဆောင်းတွင်းရာသီရွာချောင်းကလေး (Autumm Country Brook)၊ မဟာမြိုင် (Jungle) စသည်ဖြင့် ဖြစ်ပါသည်။

စတင်ကာ အသံသွင်းခဲ့သူက၊ ပရိုတက်စတင့် မမ္မာဆရာနှင့် ဂီတ

ပညာရှင်ဟောင်းဖြစ်သူ ရစ်ချပ်ဟူးပါးဖြစ်ကာ သူက သဘာဝအသံ များမှာ ကွယ်ပျောက်လုနီး အန္တရာယ်နှင့် တွေ့ကြုံနေရသဖြင့် ယခုကဲ့သို့ စုဆောင်း လိုသူတို့ စုဆောင်းနိုင်ရန် ထုတ်လုပ်ရသည်ဟု ဆိုပါသည်။ ခေတ်မီနိုင်ငံ မြို့ပြကြီးများတွင် လူတို့သည် ခေတ်ပေါ် အသံမျိုးစုံကိုသာ နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရရာ (စက်ရုံ၊ မော်တော် ကား၊ ရုပ်မြင်သံကြားနှင့် လူလုပ်ဂီတ စသည်တို့မှ ထုတ်လွှင့်သော အသံများ) သဘာဝအသံများကို ကြားရဖို့ အခွင့်အလမ်း နည်းပါး သည်ထက် နည်းပါးလာနေသည်ဟု ဆိုသည်။ ထို့ ကြောင့် သဘာဝ အသံများကို နားဆင်လိုပါက ဝေးဝေးလံလံ သွားစရာ မလိုဘဲ၊ ကိုယ့် အခန်းထဲတွင်ပင် နားဆင်နိုင်ရန် စီစဉ်ရခြင်း ဖြစ်သည်။ ထိုသဘာဝ အသံများကို နားထောင်ခြင်းအားဖြင့်၊ အဝယ်လိုက်ကာ ယခုအခါ ခာတ်ပြား (၂၀) မျိုးပင် ထုတ်ရောင်းချခဲ့ပြီး ဖြစ်လေသည်။ သဘာဝ တရားကြီးကို ကယ်တင်ရန် လူတို့၏ ကြိုးပမ်းမှု အနက်၊ ထူးကဲသော ကြိုးပမ်းချက်ဟု ဩဘာပေးရလေမလား၊ လုပ်ပဲ လုပ်တတ်ပါပေတယ် ဟု ရှုံ့ချရလေမလား။ ကျွန်တော် ဝေခွဲရခက်နေပါလေတော့သည်။

*

အတွဲ ၂၊ အမှတ် (၂၀)

# တီရှပ်တို့၏ဖခင်ကြီး

သရော်စာအက်ဆေးများ   သစ္စာနီ



# တီရှပ်တို့၏ ဖခင်ကြီး

ပြီးခဲ့သော ဇူလိုင်လထဲတွင် မင်းသားကြီးမာလွန်ဘရန်ဒို ကွယ်လွန်သွားပါသည်။ သူသည် တရားဝင်ဇနီး (၃)ဦးကို လက်ထပ်ယူခဲ့သူဖြစ်ကာ ကွယ်လွန်သောအခါ၊ ဒေါ်လာသန်းပေါင်းများစွာ၊ ကိုယ်ပိုင်ကျွန်း တစ်ကျွန်းနှင့် သားသမီး (၁၁)ယောက် ကျန်ရစ်ခဲ့လေသည်။ ကွယ်လွန်ချိန်တွင် အသက် ၈၈ နှစ်ရှိပြီ။ ယနေ့တွင် ခရ၊ ဘရက်ပစ်၊ ကီနူးရိဗ်တို့ကို ယဉ်ပါးနေသော လူငယ်များအဖို့ မာလွန်ဘရန်ဒို ဆိုသည်မှာ ဘယ်လိုလူမျိုးဖြစ်သည်ကို အနည်းငယ် ပြောပြလိုက်ပါသည်။

မာလွန်ဘရန်ဒိုကား သာမန်မင်းသား မဟုတ်ပါ။ ဟောလီဝုဒ်ရုပ်ရှင်လောကကို တစ်ခါက အချိန်အတန်ကြာ လွှမ်းမိုးထားနိုင်ခဲ့သော

ကေရာဇ် မင်းကြီးတစ်ပါးပင် ဖြစ်ပါသည်။ သူနှင့် ခေတ်ပြိုင် ထင်ရှားသော မင်းသားတွေရှိပါသည်။ ဉပမာ - ဝီလျံဟိုးဒင်း၊ ဂရေဂရီပက်၊ ရောဟတ် ဆန် စသဖြင့်။ သို့သော် ထိုသူတွေထဲမှာပင် သူက ဘယ်သူနှင့်မှမတူဘဲ ထူးချွန်ထင်ရှားစွာ ထွက်ပေါ်နေပါသည်။ နာမည်ကြီးနေရခြင်းမှာ သရုပ်ဆောင်ကောင်းမှု တစ်ခုတည်း အတွက်မဟုတ်နေရာတကာ ဂျစ်ကန်ကန်၊ ဆောင့်ကြွားကြွား၊ ဟန်ပန်စိတ်မာတတ်ကြောင့် ဖြစ်သည်။ သူ့နောက်ပေါ် ထွန်းလာသော မင်းသား အတော်များများမှာ သူ့ကို စံအဖြစ်ထားကာ ကြိုးစားကြတာက သက်သေဖြစ်သည်။ သူ၏ မှုတေတေအကြည့်ကို ဂျိမ်းစ်ဒင်း (Esdt of Eden) က ဆက်ခံခဲ့သည်။ သူက ရုပ်ရှင်ကား သုံးကားသာရိုက်ကာ ပြိုင်ကားမှောက်ကွယ်လွန်သွားသည်။ နောက်ပေါ်လာသည့် ပေါလ်နယူးမင်းဟာ မာလွန်ဘရွန်ဒိုကို တုသည်။ ရောဘတ်ဒယ်နီရိုက တုသည်။ အားလုံးပင် မာလွန်ဘရန်ဒိုက ဆင်းသက်လာကြသည်။

မင်းသားချင်းကပင် တုပရသော မာလွန်ဘရန်ဒိုကား ကျွန်တော်တို့ ထိုခေတ်က လူငယ်များအတွက် စံပြသူရဲကောင်း ဖြစ်ခဲ့သည်။ မော်တော် ဆိုင်ကယ်စီး လမ်းသရဲအဖြစ် သူ သရုပ်ဆောင်ခဲ့သော The wild One (၁၉၅၄) ဇာတ်ကားက ကျွန်တော်တို့ အပေါ်

လွှမ်းမိုးခဲ့သည်။ ထိုဇာတ်ကားတွင် သူသည် တီရှပ်အပေါ် သားရေဂျာကင်အနက်ကိုဝတ်ကာ တစ်ကားလုံး သရုပ်ဆောင်ခဲ့သည်။ ကျွန်တော် ပြောလိုသည်မှာ တီရှပ်အကြောင်းပင် ဖြစ်ပါသည်။ မာလွန်ဘရန်ဒိုနှင့် ပတ်သက်လာလျှင် ရုပ်ရှင်နှင့် မပတ်သက်တာတွေပင် ပြောစရာအတော်များများ ရှိနေပါသည်။ ဥပမာ - 'ကောင်တီသုံ့ဘော်ာတွင် ပုန်ကန်ခြင်း' ဇာတ်ကားရိုက်ရင်း တွေ့ သည့် မင်းသမီးတဟေတီကျွန်းသူကို လက်ထပ်ယူခဲ့သည်။ ကိုယ်ပိုင်ကျွန်း တစ်ကျွန်းဝယ်ကာ နေထိုင်သည်။ ၁၉၇၂ The Godfather ဇာဘ်ကား အတွက်ရခဲ့သည့် အော်စကာဆုကို ငြင်းပယ်ခဲ့သည်။

၁၉၆၀ ခုနှစ်တွင် ခေတ်စားခဲ့သော ဘီဂျနယ်ရေးရှင်း လှုပ်ရှားမှု၏ ပင်မကြောင်းခံအချက်များထဲတွင် The wild one ဇာတ်ကားလည်း ပါဝင်သည်။ နောက် ဂျိမ်စ်ဒင်း၏ အကြောင်းမဲ့ ပုန်ကန်ခြင်း (Rebel without a couse) ပါသည်။ စာပေတွင် ဂျက်ကရိုးယက်၏ လမ်းပေါ်မှ ဝတ္ထုပါသည်။ ကဗျာတွင် အလန်ဂင်းစဘတ်တို့အုပ်စု။

ယခုအခါ ကမ္ဘာတွင် (ကလေးလူကြီး) လူဦးရေ သုံးပုံနှစ်ပုံသည် တီရှပ်ကို ဝတ်ဖူးကြသည်။ သို့သော် လွန်ခဲ့သော အနှစ် ၅၀ ကျော်ကမူ တီရှပ်ကို (သူချည်းသက်သက်) ဝတ်သူဟူ၍ မရှိ။ တီရှပ်ဆိုသည်

ရှပ် အင်္ကျီအောက်က ခံဝတ်ရသော ယောကျ်ားအတွင်းခံ အင်္ကျီသာ ဖြစ်သည်။ (မြန်မာတွေက စွပ်ကျယ်ဟု ခေါ်ကြသည်) ဗြိတိသျှ သင်္ဘောသားသည် ချိုင်းပြတ်အတွင်းခံကို ဝတ်ဆင်ကြရာမှ ချိုင်းမွှေး မပေါ်စေရန်၊ လက်တို အတွင်းခံများ ဝတ်ဆင်ဖို့ အမိန့်ထုတ်ရာ၌ တီရှပ်ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ ကမ်းနားတွင် လက်ဖက်ခြောက် သေတ္တာထမ်းသူတွေက ဝတ်ဆင်သဖြင့် Tea-ရှပ် ခေါ်ရာမှ တီးအတို ကောက် T-ရှပ် ဖြစ်လာသည်ဟု ပြောပြသည်။ သေချာသည်မှာ တီရှပ်သည် အစောပိုင်းကာလများက အောက်ခြေ လူတန်းစား အဝတ်တန်ဆာ ဖြစ်သည်ဟူသော အချက်ဖြစ်၏။ ယခု အခါ တီရှပ်ကို သမ္မတများ၊ စူပါစကား အနုပညာရှင်များ၊ အားကစား အကျော် အမော်များ စသဖြင့်၊ လူတန်းစား မရွေး (မိန်းမနဲ့ ကလေးတွေပါ) ဝတ်ဆင်နေကြသည်။ တီရှပ်ကို ထိုသို့ တွင်ကျယ်အောင် စတင်လမ်း ဖောက်ခဲ့သူမှာ ကျွန်တော်တို့၏ မာလွန်ဘရန်ဒိုပင် ဖြစ်လေသည်။

၁၉၅၁ 'ဆန္ဒဆိုတဲ့ ဘတ်စ်ကား' (A Streetcar Named Desire) ရုပ်ရှင်တွင် မာလွန်ဘရန်ဒိုသည် သူ၏ အချိုးအဆစ် ကျလှသော ကိုယ်လုံး ကိုယ်ပေါက်ထင်ရှား ပေါ်လွင်စေရန်၊ တီရှပ်ကို ဝတ်ကာ သရုပ်ဆောင်ခဲ့သည်။ တွဲဖက်ရသည့် မင်းသမီးမှာ 'လေကအကုန်

ယူသွားပြီ' (Gone with the wind) ဇာတ်ကားမှ ဗီဗီယန်လေး ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးစတွင် စစ်ပြန်များသာ ဝက်သော တီရှပ်ကို မာလွန်ဘရန်ဒိုက ထိုနည်းဖြင့် လူကြားထဲရောက်အောင် ဆွမ်းဆောင်ခဲ့သည်။ ဘိမျိုးဆက် လှုပ်ရှားမှုတွေထဲမှာ ကျယ်ပြန့်စွာ လူထုထဲ ရောက်ရှိလာပြီး ရှင်သန် ကျန်ရစ်ခဲ့သော အရာတစ်ခုကို ပြသပါ ဆိုလျှင် တီရှပ်ကိုသာ လက်ညှိုးထိုးပြရပေမည်။

တီရှပ်ကား စကားပြောသော အကျႌဖြစ်သည်။ လမ်းလျှောက်နေသည့် ဆိုင်းဘုတ်ဖြစ်သည်။ အယူဝါဒကြေငြာစာတမ်းဖြစ်၏။ တီရှပ်ပေါ်တွင် လိုသလို လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်သည့် စာတန်းတွေ ရိုက်နှိပ် ဝတ်ထားသူတွေက သူတို့ရင်တွင်းဆန္ဒကို ဖော်ပြကြသည်။ အမေရိကန် တစ်နိုင်ငံတည်းတွင်ပင် တစ်နှစ်လျှင် တီရှပ်တစ်သန်းကျော် ရောင်းချရသည်။ ထို့ကြောင့် မာလွန်ဘရန်ဒို၏ ဂုဏ်ပုဒ်တွေအများကြီး ထဲမှ လူသိပ်မသိဟု ထင်ရသော ဂုဏ်ပုဒ်တစ်ခုကို ဖော်ထုတ်ချီးကျူး ပြပါဟုဆိုလျှင် ကျွန်တော့်အနေဖြင့် မဆိုင်းမတွပင် 'တီရှပ်တို့၏ ဖခင်ကြီး' ဟူသောဘွဲ့ကို ရွေးချယ်ပေးလိမ့်မည် ထင်ပါသည်။

*

အတွဲ ၂၊ အမှတ် (၂၁)

# ပြောင်းလွဲလာသော လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု

သရော်စာအက်ဆေးများ

သစ္စာနီ



# ပြောင်းလဲလာသော လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှု

'လက်ဖက်ရည် ပန်းကန်ထဲမှ မုန်တိုင်း' ဟူသော စကားတစ်ခွန်း ရှိပါသည်။ သိပ်အရာမရောက်လှဘဲ၊ လက်ဖက်ရည်စားပွဲဝိုင်း ထဲမှာသာ စိုးမိုးနေသည့် လေကန်ခြင်းမျိုးကို တင်စားခေါ်ခြင်း ဖြစ်ပါသည်။ ယခုတလော လက်ဖက်ရည်ပန်းကန်ထဲမှာ သာမကဘဲ လက်ဖက်ရည် ဆိုင်ထဲမှာ ထန်နေသောမုန်တိုင်းကို တွေ့နေရပါသည်။ ဘောလုံး မုန်တိုင်း ဖြစ်ပါသည်။

ယခုတလော မနက်လျှင်လည်း မနက်မို့၊ ညလျှင်လည်း ညမို့ လက်ဖက်ရည် ဆိုင်ထဲတွင် လက်ဖက်ရည် သောက်သူတွေလား၊ ဘောလုံးပွဲ ကြည့်သူတွေလား ခွဲခြားမရသော သူတွေနှင့် ပြည့်ကြပ်

နေပါသည်။ အမှန်တော့ သူတို့သည် လက်ဖက်ရည်သောက်ရင်း ဘောလုံးပွဲကြည့်နေသူများ ဖြစ်သည်။ သူတို့သည် မနက်ခင်းများ၌ ကိုပါ (လက်တင်အမေရိက) ဖလားဘောလုံးပွဲများကို အီကြာကွေးလို နံပြားလို လက်ဖက်ရည်နှင့် မြည်းကြသည်။ ညနေများတွင်တော့ အာရှ ဖလားဘောလုံးပွဲတွေကို လက်ဖက်ရည်နှင့် မြည်းကြသည်။

လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုဟူသော ဆောင်းပါးတစ်ပုဒ် ကျွန်တော် ရေးခဲ့ဖူးပါသည်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွင် ရှေးယခင်က ရပ်ကွက်၊ ကျေးရွာများ၌ သာရေးနာရေးလူမှုရေးများကို ဆွေးနွေးပြောဆိုစရာအဖြစ် ဓမ္မာရုံများကို အသုံးပြုခဲ့ကြသည်။ နောက်ပိုင်းတွင် ဓမ္မာရုံများထက် ပိုမို လွတ်လပ်သော (ရပ်ကွက်တိုင်းတွင် ဓမ္မာရုံ မရှိတော့တာကလည်း တစ်ကြောင်း) ဆံပင်ညှပ်ဆိုင်များကို ဆုံရပ်အဖြစ် အသုံးပြုခဲ့ကြသည်။ ထိုဆံသဆိုင်များတွင် ဆုံစည်းကာ၊ သတင်းစာဖတ်၊ ရေဒီယိုနားထောင်၊ ကျားထိုး ရင်း၊ စကားစမြည် ပြောဆိုကြသည်။ နောက်တော့ လက်ဖက်ရည်ဆိုင်တွေ ပေါ်ထွန်းလာ၏။ ထိုဆိုင်များတွင် တိပ်ရိုကော်ဒါ များထားကာ စတီရီယို သီချင်းများကို နားဆင်ရအောင် ဖွင့်ပေးခဲ့သည်။ နောက်တော့ ကက်ဆက် နှင့် တိတ်ခွေတွေ ခေတ်စားလာ၏။ လက်ဖက်ရည်ဆိုင်

ယဉ်ကျေးမှု မြင့်သထက် မြင့်လာသည်။ လက်ဖက်ရည်ဆိုင်များတွင် ကီဝီအပေါ်စက် အောက်စက်တွေ ထားလာကြ၏။ အချိန်မှန်ဗီဒီယို (နိုင်ငံခြားကား၊ မြန်မာကား) တွေပြကြ၏။ စားသောက်သူတွေကို အပြိုင် ဆွယ်ကြခြင်းဖြစ်၏။ လူတွေက ဗီဒီယိုရုံတွေ သွားမည့်အစား ထိုငွေလောက် ကုန်ကျရုံနှင့် နှစ်မျိုးလုံး ခံစားနိုင်သော လက်ဖက်ရည် ဆိုင်တွေကို အားပေးလာကြသည်။ နောက်ဆုံး လက်ဖက်ရည်ဆိုင် ခြင်း ပြိုင်ဆိုင်ကြရာမှ ဂြိုဟ်တုရှစ်ပေ စလောင်း၊ နှစ်ပေ စလောင်း ဆိုတာတွေ တတ်ဆင်ပြသသောခေတ်ကို ရောက်လာသည်။ လက်ဖက် ရည်ဆိုင် ယဉ်ကျေးမှုမြင့် တက်လာရာ နောက်တွင် အင်တာနက် တပ်ဆင်သည့် ခေတ်ရောက်လာမလားဟု မပြောနိုင်။ ရေဒီယိုတွေ၊ ကက်ဆက်တွေ အိမ်တိုင်းလိုလို ရှိလာသောအခါ၊ ရုပ်မြင်သံကြား အပေါ်စက်အောက်စက်တွေ လက်ဖက်ရည်ဆိုင်များ၌ တပ်ဆင်ကြ၏။ အခုတော့ အိမ်တိုင်းမရှိသော စလောင်းတွေ တပ်ဆင်လာကြသည်။

ယခင်ကဆိုလျှင် ဤကဲ့သို့ နိုင်ငံတကာဘောလုံးပွဲကြည့်ချင်သူ များသည် ရုပ်ကွက်ထဲတွင် သီးသန့်ပြသည်။ ရှိုးရုံခေါ် ရုံများသို့ သွားကာ ပိုက်ဆံ ပေးကြည့်ကြရ၏။ တစ်ပွဲကို တစ်ရာပေးရသည်။ ယခုတော့ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ ငွေတစ်ရာပေးလျှင် (လက်ဖက်ရည်

ရိုးရိုးတစ်ခွက်၆၀ + နံပြား တစ်ချပ် ၄၀) စားရင်းသောက်ရင်း ဘောလုံးပွဲကို အေးအေးလူလူ ကြည့်နိုင်ပြီဖြစ်ရာ၊ ရှိုးရုံများ ဝင်ငွေလျော့၍ သွားလေသည်။ စလောင်း မရှိသော လက်ဖက်ရည်ဆိုင်တွေလည်း လူဝင်နည်းနေလေပြီ။ ဈေးကွက် စီးပွားရေးစနစ်၏ပြိုင်ဆိုင်မှုဆိုရမလားမသိ။ တစ်ခုတော့ ရှိပါသည်။ ထိုဆိုင်များ၌ ဝါသနာပါ၍ သင်ဘောလုံးပွဲကြည့်မည်ဆိုလျှင် တစ်ဆိုင်လုံး၌ ဆူညံစွာ ဘောလုံးပွဲကြည့်ရင်း ပြောဆိုနေကြသော ဆိုက်ကားသမားများ၊ စပါယ်ယာများ၊ အလုပ်ကြမ်းသမားများ၏ ဥရောပနှင့်လက်တင်အမေရိကနိုင်ငံအမည်များ၊ ဘောလုံးသမားအမည်များကို သင်မကြားဖူးသော လေသံများဖြင့် မပီမသရေရွတ်နေသော အသံများကိုတော့ သည်းခံနားထောင်ရပါလိမ့်မည်။ သူတို့ကာ မြန်မာဆန်အောင် အသံဖလှယ်ရာ၌ ဆရာယုဒသန်ကပင် လက်မြှောက်ရသူများ ဖြစ်ပါသည်။ (ဥပမာ-ဝိန်းရွှန်းနေကို ရှူနေ၊ ကမ်းဘဲလ်ကို ကင်းပဲ ဆိုမျိုးတွေပေါ့)

မိတ်ဆွေတစ်ဦးနေသော မှော်ဘီနားက ရွာကလေးတစ်ရွာမှ လက်ဖက်ရည်ဆိုင်တွင် ကာလသားတွေ စုံလင်တတ်ပါသည်။ သူတို့သည် အားကစား ဂျာနယ်တွေဖတ်ဖူးသူများ မဟုတ်ကြ။ ပေါ်တူဂီမသိ၊ စပိန်မသိ။ ဒေးဗစ်ဘက်ဟမ်းမသိ။ ဖီဂိုမသိ။ ဘာအသင်းတွေ ကန်နေ

တာလဲ (အသင်းနာမည်) မသိ။ ရုပ်မြင်သံကြားဖွင့်တော့မှ အသင်းနှစ်သင်းဝတ်ထားသော အကျီအရောင်ကို ကြည့်ကာ ငါက အဝါဘက်က နေမယ်၊ ငါကအပြာ ဘက်ကနေမယ်ဟု ကြိုက်ရာနေကြ၏။ ဂိုးကြောတွေ၊ အထက်ကြေးတွေ လာမပြောနှင့် မသိ။ တစ်မျိုးတော့ ကောင်းသည်ဆိုရမလား။ သို့သော် မကောင်းတာ တစ်ခုတော့ ရှိပါသည်။ လောင်းကစားမှုနှင့်သမျှ ဘယ်ဟာမှ မကောင်းပါဆိုသော အချက်သာ ဖြစ်ပါသည်။

*

အတွဲ ၂၊ အမှတ် (၂၂)

# လောကကြီးအတွက်ဆေးတစ်ခွက်

သရော်စာအက်ဆေးများ

သစ္စာနီ



# လောကကြီးအတွက် ဆေးတစ်ခွက်

'ပြောစရာတွေ အများကြီးပဲ။ ပြောသင့် ပြောထိုက်တဲ့ အချိန်ရောက်လာတော့ ရှူးဖိနပ်တွေ အကြောင်း၊ ကုန်စုံဆိုင်တွေ အကြောင်း၊ ချိတ်အကြောင်းရော၊ ဂေါ်ဖီထုပ်အကြောင်းတွေနဲ့ ရှင်ဘုရင်တွေအကြောင်းရော၊ ပင်လယ်ရေဟာ ဘယ်လောက်ပူနေသလဲ၊ ဝက်တွေဟာ မိုးပေါ်ပျံနိုင်သလားဆိုတဲ့ အကြောင်းတွေ ပြောရဦးမယ်' ဟု အမေရိကန် အသံလွှင့်ဌာနတစ်ခုမှ ဝေါရပ်စ်က၊ သူအသံလွှင့်ရန် အလှည့်ကျခိုက် ပြောခဲ့သည်။ ပင်တိုင်ဆောင်းပါးရေးနေသူများအတွက် အတုယူဖွယ် စကားဟု ဆိုချင်ပါသည်။ ကျွန်တော်နှင့်ဆုံသောအခါ (ဘာရေးရမှန်းမသိဘူး) ဟု ငြီးငြူပြတတ်သော ပင်တိုင်

ဆောင်းပါးရေးသူတချို့ကို တွေ့ရဖူးပါသည်။ သူတို့အတွက် တစ်ပတ် တစ်ကြိမ် ရေးစရာအကြောင်းရှာရသည်မှာ တစ်ဒုက္ခ ဖြစ်နေပုံ ရပါသည်။

ယနေ့ကျွန်တော်တို့ နိုင်ငံတွင်၊ ဂျာနယ်မဂ္ဂဇင်းတွေမှာ မိုးဦးကျတွင် တွေ့ရသော ဖားတစ်ပိုင်း ငါးတစ်ပိုင်းတွေလိုပင် ပေါ်များလှသည်။ (ဖား တစ်ပိုင်းငါးတစ်ပိုင်းဂျာနယ် မဂ္ဂဇင်းများဟု ရည်ညွှန်းလိုခြင်းမဟုတ်ပါ) ထို့ကြောင့် ပင်တိုင်ဆောင်းပါး ရေးသူတွေလည်း ပေါ်များရသည်မှာ သဘာဝအတိုင်း ရေမြင့်၍ ကြာတင့်သည်ဟု သဘောထားကြပါစို့။ ကျွန်တော်ကိုယ်တိုင် ပန်းသတင်း၊ အလဲဗင်း၊ နိုင်ငံတကာနှင့် နေလ ဂျာနယ်သုံးစောင်တွင် ပင်တိုင်ရေးသည်။ စာဖတ်သူနှင့် အောင်နိမိတ် အတွက် မရေးဖြစ်တာကြာပြီ။ ဟန်သစ်၊ စတိုင်သစ် မဂ္ဂဇင်းတွေအတွက် လည်း ပင်တိုင်လိုရေး၏။ ကျန်မဂ္ဂဇင်းဂျာနယ်အချို့ (ရတီ၊ မုခ၊ အိုင်ဒီယာ၊ ဗျူတီးမက်ဂ်၊ နှလုံးအိမ် စသည်)တွင်လည်း ကြုံသလိုရေးသည်။ တကယ်ရေးမည်ဆို ရေးစရာတွေက အများကြီး ကျွန်တော်တို့အ လျှဉ်မီအောင် ရေးနိုင်ဖို့ပင် ခက်ခဲ၏။

ဤအထဲတွင် စူပါဟုဆိုနိုင်သော ဆရာတွေက မောင်စူးစမ်း၊ ကျော်ဝင်း၊ လူထုစိန်ဝင်းစသည်တို့ ဖြစ်မည်ထင်ပါသည်။ သူတို့၏

နိုင်ငံရေး၊ ဘောဂဗေဒနှင့် အိုင်ဒီယိုလိုဂျီဆောင်းပါးများကို ဂျာနယ် မဂ္ဂဇင်းများတွင် အပတ်စဉ်၊ လစဉ်၊ အခါမလပ်တွေ့နေရလေ့ရှိပါ သည်။ အနည်းဆုံး ထိုသူများမှာ တစ်နေ့လျှင် ဆောင်းပါးတစ်ပုဒ်ကျ ရေးနိုင်မှသာ ဖြစ်ပေမည်။ သူတို့ ဝီရိယနှင့် အစွမ်းကို လေးစားရပါမည်။ ကျွန်တော့်သူငယ်ချင်း မောင်ရန်ပိုင်ကမူ (သူ့ကျန်းမာရေးအခြေအနေ အရ တစ်နေ့တစ်မျက်နှာသာ စာရေးနိုင်သဖြင့်၊ တစ်လတွင် ဆောင်း ပါးတစ်ပုဒ်ခွဲမျှသာ ပြီးသည်ဟု ဆိုပါသည်) ကျွန်တော်တို့ ကိုယ်တိုင် ကမူ၊ တစ်ပတ်လျှင် အနည်းဆုံး အပတ်စဉ် ဂျာနယ်သုံးစောင်အတွက် သုံးပုဒ်ရေးနေရပါသည်။ ထိုအခါ ကိုယ့်အလုပ်နှင့် ပတ်သက်နေသ ဖြင့်၊ စာဖတ်ပရိသတ်များထံမှ၊ ပင်တိုင် ဆောင်းပါးများအပေါ်၊ အကဲ ဖြတ် သုံးသပ်သော အသံများကိုလည်း နားစွင့် ကြည့်ရပါသည်။

တချို့က -

'ခင်ဗျားတို့ ဂျာနယ်တွေက ပင်တိုင်ဆောင်းပါးတချို့ကို ဖတ်ပြီး စိတ်ပျက်မိတယ်။ သူ့ဂိုဏ်း၊ ငါ့ဂိုဏ်းအပြန်အလှန် ငယ်ကျိုးငယ်နာဖော် ပြီး ပုတ်ခတ်စွပ်စွဲနေတာတွေက မပြီးတော့ဘူး။ ဒီကိစ္စတွေက ကာယကံ ရှင်တွေနဲ့ သက်ဆိုင်ပါလိမ့်မယ်။ စာဖတ်တဲ့သူတွေကတော့ ဘာတွေ ပြောနေမှန်းတောင် နားမလည်ပါဘူး' ဟု ဆိုသည်။ မှန်ပါသည်။ ဒီလို

ဆောင်းပါးတွေရှိနေတော့ ဝန်ခံရပါမည်။ ဂျာနယ်လစ်ယောက် ကမူ၊ ဒီလိုဖြစ်နေတာကိုပင် စောင့်ကြည့်ကာ၊ အကျအနကောက်၍ ဆောင်းပါးဖြစ်အောင် လုပ်လေ့ရှိပါသည်။ သူက သရော်သည်ဟု ဆိုသော်လည်း၊ သရော်ပုံမရဘဲ၊ သက်သက်ရိနေသလိုသာ ခံစားရပါသည်။ သူကလည်း သူများကို အပြစ်ပြောတာ၊ အပတ်စဉ် အပ်ကြောင်းထပ်နေပါသည်။

'ခင်ဗျားတို့တွေ ရေးစရာ ဒီလောက်ရှားသလား' ဟု ဂျာနယ်ဖတ်သူတစ်ဦးက ရန်တွေ့ပါသည်။ အမှန်တော့ ရေးစရာ မရှားလှပါ။ အခြားသော စကြဝဠာအကြောင်းမှ၊ မိုက်ခရိုစကုပ်ဖြင့် ကြည့်ရသော ပိုးမွှားအထိ၊ အေအိုင်ဒီအက်စအကြောင်း၊ သုံးဆယ့်ခုနစ်မင်းအကြောင်း၊ မိုးတွင်းစီဖိနပ်အကြောင်း၊ ကျေးပိုင်ကျွန်ပိုင်ခေတ် အကြောင်း၊ အိုဇုန်းလွှာပေါက်ပြဲမှု အကြောင်း၊ ပုဇွန်ထုပ်ဟင်း အကြောင်း၊ ဘတ်စ်ကားကြပ်သည့် အကြောင်း၊ သီတင်းကျွတ်ပွဲတော် အကြောင်း စသဖြင့် ကျွန်တော်တို့ မျက်လုံးထဲတွင် တွေ့သမျှ နားထဲတွင် ကြားသမျှမှာ ရေးစရာအကြောင်းတွေသာ ဖြစ်ပါသည်။ ကျွန်တော်တို့ လူမျိုးတွေမှာပင်၊ သရော်ခြေချတ်စရာ၊ အမြီးအမောက် မတည့်သည့် လူမှုရေးကိစ္စ အတော်များများ ရှိနေပါသည်။ ဒါတွေကို ကျွန်တော်တို့ နာလို

ခံခက်မဖြစ်အောင် ရယ်စရာစွက်၍ ပြောရင်း တည့်မတ်ပေးနိုင်ပါသည်။ သရော်စာ၏ ရည်ရွယ်ချက်မှာ ထိုသို့သာ ဖြစ်ပါသည်။

နယူးယော့(ခ်)ပို့စ်၊ လောစ်အင်ဂျလိစ်တိုင်း၊ သည်နယူးရီပတ် ဘလစ် စသည်တို့ကို ပုံမှန်ရေးနေသည့် အမေရိကန်နိုင်ငံ၏ ဝါအရင့်ဆုံး ပင်တိုင်ဆောင်းပါးရှင် မက်စလာနာက 'ကျုပ်အဖို့ ရေးစရာ အကြောင်းအရာပိုင်းနဲ့ ပတ်သက်လို့ ဘယ်တုန်းကမှ အခက်အခဲ မတွေ့ခဲ့ပါဘူး၊ ကျုပ်အတွက် အခက်အခဲတွေ့နေရတာက ရေးစရာအကြောင်းအရာတွေ များလွန်းအားကြီးလို့ ဘာကို ကိုယ်တွင်ရေးမလဲဆိုတဲ့ ပြဿနာပဲ' ဟု ပြောဖူးပါသည်။ သူသည် ဆောင်းပါးပေါင်း (၇၀၀၀) ကျော်ရေးသားခဲ့ပြီး ဖြစ်ကာ၊ သူ့ ကိုယ်သူ 'ယဉ်ကျေးသောလူ့အဖွဲ့အစည်းကို စောင့်ကြည့်လေ့လာသူ' ဟု အမည်ပေးထားပါသည်။ သူက သူ့ကိုယ်သူ 'ပြုပြင်ပြောင်းလဲရေး ဗဟိုပြုဝါဒီတစ်ဦး' ဟုလည်း ခံယူထား၏။

သူက 'ကျုပ်လက်ကိုင်ထားတဲ့ သုံးသပ်ချက်ကတော့ ကျုပ်ရေးလိုက်တဲ့ ဆောင်းပါးဟာ ဆယ်နှစ်၊ ဆယ့်ငါးနှစ်၊ အနှစ်နှစ်ဆယ်ခံပါ့မလားဆိုတဲ့ စမ်းသပ်ချက်ပဲ'

ဟု ဆိုသည်။ သူက နှေးမြင့်ညပျောက် ဆောင်းပါးများကို ရှုံ့မုန်း

သည်။ ရေးစရာအကြောင်းမရှိလျှင် လူက အနားမယူတောင် ကလောင်က အနားယူသင့်သည်ဟု ဆိုသည်။ သူကတော့ သက်ဆုံး တိုင်အောင် ရေးဖို့ရည်ရွယ်၏။


'မယုံနိုင်စရာ ရှုးသွပ်နေတဲ့ ဒီလောကကြီးကို တည့်မတ်ပေးဖို့ ကျုပ်မှာ ဒီနည်းလမ်းကလွဲပြီး တခြားမရှိဘူး' ဟု ဆိုလေသည်။

*

အတွဲ ၂၊ အမှတ် (၂၃)

# ကာဗျာဆရာ၊ ဘောပွိုင်ပင်နှင့်လမင်း

သရော်စာအက်ဆေးများ | သစ္စာနီ



# ကဗျာဆရာ၊ ဘောပွိုင့်ပင် နှင့် လမင်း

လသည် ကဗျာဆရာတိုင်း အတွက် အင်မတန် လက်တွေ့သည့် အအေးခံပစ္စည်း ဖြစ်ပုံရ၏။ မုံလာဥမစားသည့် ယုန်မရှိသလောက်ပင် လအကြောင်း မရေးဖွဲ့သည့် ကဗျာဆရာဟူ၍ ရှိမည်မထင်ချေ။ ကျွန်တော်တို့ မြန်မာများကား 'ရွှေလမှာ ယုန်ဝပ်လို့ ဆံဖွပ်သည့် အဖိုးအို' ဆိုသော ကဗျာဖြင့် ငယ်ငယ်ကတည်းက လမင်းကို ငေးကြည့်ခဲ့ရသူများ ဖြစ်သည်။ ကဗျာဖွဲ့သူကား လိမ္မာပါးနပ်ပုံရပါ၏။ ယုတ္တိမရှိတာ မယုံဖို့ ဆိုသာဆို ပိုမိုသည့်စကားဟု လျှောချသွားလေသည်။ ထိုကဗျာဆရာ ၁၉၆၉ ခုနှစ်အထိ အသက်ရှည်စေချင်ပါ၏။ ၁၉၆၉ ခုနှစ် ဇူလိုင်လ(၂၀) ရက်တွင် လူသားတစ်ဦးက လမျက်နှာပြင်

ပေါ် ကို ခြေချခဲ့သည့် အဖြစ်အား၊ မည်သို့သဘောထား မည်နည်းဟု သိလိုသောကြောင့် ဖြစ်ပါသည်။ မှန်ပါသည်။ အမေရိကန်အာကာသ သူရဲကောင်း အမ်စထရောင်း၊ လပေါ် သို့ ခြေချခဲ့သည်မှာ ၂၀၀၄ ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့တွင် (၃၅)နှစ် တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

(၁၁) ဟူသော ကိန်းကဏန်းသည် အမေရိကန်နိုင်ငံအတွက် ထူး ခြားစွာ တိုက်ဆိုင်နေတတ်ပုံရ၏။ မျှော်စင်အမြွာလေကြောင်းမှ တိုက်ခိုက် ခံရတာက စက်တင်ဘာလ (၁၁)၊ ၁၉၆၉ ခု ဇူလိုင် ၁၉တွင် မြေပြင်မှ လွှတ်တင်ခဲ့သည့် အာကာသယာဉ်အမည်က အပိုလို (၁၁)၊ သို့သော် ဤအောင်မြင်မှုကား၊ လူ့သမိုင်းတွင်း လူသားထုကြီး တစ်ရပ်လုံး အောင်မြင်မှုဟုပင် ဆိုနိုင်လေသည်။ လဆင်းယာဉ်ငယ် ထဲမှထွက်ကာ၊ လပေါ်သို့ ပထမဆုံး ခြေချခဲ့သည့် အမ်စထရောင်း ဟာလည်း -

'ကျွန်တော့်အဖို့တော့ ခြေလှမ်းကလေး တစ်လှမ်းပါပဲ။ ဒါပေမယ့် လူသားထုကြီးတစ်ရပ်လုံးအဖို့တော့ ကြီးမားတဲ့ ခြေလှမ်းကြီး တစ်လှမ်းပေါ့' ဟု သမိုင်းဝင်မည့် စကားကို ပြောခဲ့သည်မဟုတ်လား။ မှန်ပါသည်။

လကမ္ဘာပေါ်သို့ လူသားတို့ ရောက်ရှိရေးမှာ လူသမိုင်းတစ်လျှောက်လုံး၊ လူတို့၏ ကြီးမားသော စိတ်ကူးယဉ် အိပ်မက်ကြီးဖြစ်ခဲ့သည်။ အေဒီ ၁ရာစုခန့်ကပင် ဂရိစာရေးဆရာ လူကီအင်က လေပွေမုန်တိုင်းကြီး တစ်ခုက၊ ပင်လယ်ထဲတွင် ရွက်လွှင့်နေသော၊ သင်္ဘောကြီးတစ်စင်းကို စုပ်ယူသွားရာ၊ လပေါ်အထိ ရောက်သွားပုံကို ရေးသားခဲ့၏။ ဒီနောက် ခေတ်အဆက်ဆက် စာရေးဆရာများ၊ ဒူးမား၊ ဂျူးလ်ဗန်း၊ အိပ်ချ်ဂျီဝဲလ်။ လကမ္ဘာသွား စိတ်ကူးယဉ် ဝတ္ထုများ။ နောက်ဆုံးတွင်တော့ အကောင်အထည် ပေါ်လာလေသည်။

ဒုတိယ ကမ္ဘာစစ်ကြီးအပြီးတွင် အမေရိကန်နှင့် ရုရှတို့သည် တစ်ဖက်က အိုင်ဒီယိုလော်ဂျီ ပြိုင်ပွဲနှင့်အတူ အာကာသခေတ်ထူထောင်ရေးကို သူ့ထက်ငါ ရှေ့ရောက်အောင် ပြိုင်ဆိုင်ခဲ့ကြသည်။ ပထမတွင် အစစ အရာရာ ရုရှတို့ ၁၉၅၇တွင် စတင်လွှတ်တင်နိုင်ခဲ့သည်။ ၁၉၆၁ ခုနှစ်၊ ဧပြီလ ၁၂ရက်နေ့မှာတော့၊ တစ်ကမ္ဘာလုံးက အံ့ဩသွားစေသည့် အာကာသယာဉ် Vostok ကို စေလွှတ်ခဲ့၏။ လိုက်ပါသွားသူမှာ ယူရီဂါဂါရင် ဖြစ်သည်။ (သို့သော် သူ့အရင်က ၁၉၆၀၊ ဩဂုတ်လ ၁၉ရက်က လွှတ်တင်ခဲ့သည့် စပွတ်နစ် (၅) အာကာသယာဉ်ထဲတွင် ခွေးကလေးနှစ်ကောင်ကို ထည့်ကာလွှတ်ဖူးသ

ဖြင့်၊ အာကာသာထဲကို လူ့အရင်ခွေးရောက်ခဲ့သည်ဟု ဆိုနိုင်ပါသည်)

အာကာသပြိုင်ပွဲတွင် နောက်ကလိုက်နေရသော အမေရိကန်သည် ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် အပိုလို (၁၁) ဟုသော လက်သီးတစ်လုံးတည်းနှင့် ရုရှကို နော့ကောက်(အလဲထိုး) နိုင်ခဲ့လေသည်။ တစ် နာရီမိုင် ၂၅၀၀၀ နှုန်းဖြင့် လကမ္ဘာကို ဦးတည်သွားနေသည့် အပိုလို (၁၁)ပေါ်တွင် အမ်စထရောင်း၊ ဘတ်အယ်ဒရင်နှင့် မိုက်ကယ်ကောလင်း တို့ လိုက်ပါသွားကြသည်။ လပတ်လမ်းကြောင်းထဲရောက်သည်နှင့် အမ်စထရောင်းနှင့် အယ်ဒရင်တို့သည် ကိုလံဘီယာပင်မယာဉ်ကြီးထဲမှ 'လင်းယုန်' အမည်ပေးထားသည့် လဆင်းယာဉ်ကလေးထဲသို့ ဝင်ကာ၊ ပင်မယာဉ်ကြီးမှ ဖြုတ်ခွာ၍၊ လမျက်နှာပြင်ရှိ 'ငြိမ်သက်ပင်လယ်' ဟု အမည်ပေးထားသော နေရာသို့ ဆင်းသက်ခဲ့ကြလေသည်။ အချိန်ကား ကမ္ဘာ့စံတော်ချိန် ညနေ ၃နာရီ အာကာသ သူရဲနှစ်ဦးတို့သည် လမျက်နှာပြင်ပေါ်တွင် ၂နာရီ ခွဲကြာအောင် နေခဲ့သည်။ ဝါရှင်တန်မှ သမ္မတနစ်ကဆင်နှင့် ဆက်သွယ်ကာ စကားပြောခဲ့သည်။ ကျောက်တုံးနှင့် မြေစိုင်ခဲနမူနာတွေ ယူသည်။ အမေရိကန်အလံကို စိုက်ထူသည်။ ထိုအချိန်၌ ကောလင်းသည် ပင်မယာဉ်ကြီးကို လအားပတ်မောင်းရင်း သူတို့ကို စောင့်စား

နေခဲ့သည်။ လကမ္ဘာမှ တိုက်ရိုက် ထုတ်လွှင့်ပေးသော ရုပ်မြင်သံကြား ကို ကမ္ဘာပေါ်ရှိ လူသန်း ၅၀၀ ကျော်က စောင့်စား ကြည့်ရှုခဲ့ကြသည်။

အပိုလို (၁၁) အာကာသယာဉ်သည် ဇူလိုင်လ ၂၄ ရက်နေ့တွင်၊ ဟာဝိုင်ရီကျွန်းစုအနီး၊ ပစိဖိတ်ပင်လယ်ထဲသို့ ပြန်လည်ဆင်းသက်ခဲ့ရာ ယူအက်စ်အက်စ် ဟောနယ်လေယာဉ်တင် သင်္ဘောကြီးက ဆယ်ယူ ခဲ့ရလေသည်။ အမ်စထရောင်းတို့ သုံးယောက်ကို ကမ္ဘာက သူရဲ ကောင်းကြီးသဖွယ် ချီးကျူးဂုဏ်ပြုကြ၏။ ဤအတိုင်းဆို အားလုံး အဆင်ပြေ ချောမောသည့် အသွင်ရှိ၏။ (အမှန်တော့ အောင်မြင်မှု ရရန် အခက်အခဲများစွာကို ကျော်ဖြတ်ခဲ့ရရာ၊ ၁၉၆၇ ခုနှစ်က အပိုလို (၁)ခရီးစဉ်အတွက် လေ့ကျင့်နေသော အာကာသသူရဲသုံးဦး၊ လေ့ ကျင့်နေစဉ် မီးလောင်သေဆုံးခဲ့သောကိစ္စလည်း ပါဝင်လေသည်)

အပိုလို (၁၁) သည်ပင် ချောချောမွေ့မွေ့ မဟုတ် သူတို့၏ လင်းယုန်ယာဉ်ငယ် လပေါ်သို့ ဆင်းသက်သောအခါ၊ လပေါ် ရောက်သွားမှ ယာဉ်ထဲတွင် လောင်စာစက္ကန့် ၂၀ စာသာ ကျန် တော့သည်ကို တွေ့ကြရ၏။ လောင်စာကုန်လျှင် ပျက်ကျပေလိမ့် မည်။ ပင်မယာဉ်ကြီးနှင့် ချိန်ဆက်ရန်၊ လပေါ်မှ ပြန်တက်မည်ပြုသော အခါတွင်လည်း၊ တွန်းကန်အင်ဂျင်စက်ကို နှိုးပေးမည့် ခလုပ်မှာ

ကျိုးပဲ့နေတာ တွေ့ရသည်။ လပေါ်မှ ယာဉ် ထဲသို့ ပြန်အဝင် သူတို့ သယ်ဆောင်လာသည့် ကျောပိုးအိတ်များနှင့် ခိုက်မိကာ ကျိုးပဲ့သွားခြင်း ဖြစ်သည်။ အသေးစိတ် ရေးဆွဲထားသော အပိုလို (၁၁) စီမံကိန်းတွင် ထိုမတော်တဆဖြစ်မှုမျိုးကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိ။ သူတို့က မြေပြင်ကိုလှမ်းကာ အကူအညီတောင်းသောအခါ၊ တစ်ယောက်က ထိုခလုတ်ထဲတွင် ဘောပွိုင့်တစ်ချောင်းကို ထိုးထည့်ကာ နှိုးကြည့်ရန် အကြံပေး၏။ သူ့အကြံပေးသည့်အတိုင်း လုပ်ကြည့်သောအခါ အောင်မြင်သွားသည်။ ထို့ကြောင့် အမ်းစထရောင်းနှင့် အယ်ဒရင်တို့ လကမ္ဘာပေါ်တွင် ဝါဆိုရမည့်ဘေးမှ ကင်းဝေးသွားသည်။ နောက် ဆုံးတွင် အာကာသစီမံကိန်းကြီးတစ်ခုလုံး မပျက်စီးစေရန်နှင့် သမိုင်းဝင်လပေါ်သို့ လူတို့၏ ပထမဆုံး ပထမခြေလှမ်း မှတ်တမ်းဝင်အောင် ကူညီလိုက်သည့်အရာမှာ ဘာမှမဟုတ်၊ ဘောပွိုင့်ပင်လေး တစ်ချောင်းဖြစ်၍ နေလေတော့သည်။

*

အတွဲ ၂၊ အမှတ် (၂၄)

# ပြက်လုံးအမွေးပွဝက်ဝံနှင့်ငလျှင်

သရော်စာအက်ဆေးများ

သစ္စာနီ



# ပြက်လုံးအမွေးပွဝက်ဝံနှင့် ငလျှင်

အမေရိကန် လူရွှင်တော်များဖြစ်သည့် ဘော့ဟုပ်၊ ဂျယ်ရီလူးဝစ္စနှင့် ဂျင်းကာရေးတို့သာ ပြက်လုံးထုတ်တတ်သည်မဟုတ်။ အမေရိကန်သမ္မတများသည်လည်း ပြက်လုံးအထုတ်ကောင်းသူများဖြစ်သည်ဟုဆိုလျှင် သင် ယုံချင်မှ ယုံပေမည်။ ရှင်းပြပါမည်။

နစ်က်ဆင်သည် သူပထမဆုံး အကြိမ်သမ္မတအဖြစ် ရွေးချယ်ခံရ၍ အိမ်ဖြူတော်သို့ သွားရတော့မည့်အချိန်တွင် 'သူတို့က ကျုပ်ကို အိမ်ဖြူတော်ဖါင့်ဖို့သော့ပေးထားကြပြီ။ ဒီသော့နဲ့တော်မတော် သွားဖွင့်ကြဦးမှပဲ' ဟု ဆိုလေသည်။ အိမ်ဖြူတော်တွင် ကျင်းပသည့် ပထမဆုံးသတင်းစာ ကွန်ဖရင့်မှာမူ 'မြို့တော်မှာ ရာဇဝတ်မှုကင်း

အောင်၊ ကျုပ် ပထမဆုံး လုပ်တဲ့အလုပ်ကတော့၊ ပိတ်ထားတဲ့ အိမ်ဖြူ တော်က မီးတွေကို ဖွင့်လိုက်ခြင်းပါပဲ' ဟု ပြက်လုံးထုတ်ခဲ့လေသည်။ အမေရိကန် သမ္မတတစ်ဦးဖြစ်သော ဝီလျံအား ဝါးတပ်ဖ်သည် လူထု ကြားမှာ မိန့်ခွန်းပြောနေစဉ် လူအုပ်ထဲမှ ပေါက်လိုက်သည့် ဂေါ်ဖီထုပ် တစ်ထုပ်သည် လိမ့်လာပြီး သူ့ခြေရင်း တွင် ရပ်တန့်သွားသည်။ သူက ငုံ့ကြည့်ရင်း 'အတိုက်အခံသမား တစ်ယောက် အခုပဲ ခေါင်းပြုတ်သွား တာ ကျုပ်မြင်လိုက်တယ်' ဟု ပြက်လုံး ထုတ်လိုက်၏။ သူတို့ဆီတွင် မကျေနပ်ပါက ဘဲဥပုပ်များ၊ ခရမ်းချဉ်းသီး များဖြင့် ပစ်ပေါက်ကာ ကန့်ကွက်ဆန္ဒ ပြလေ့ရှိသည်။

သို့သော် လူများစုကြီး၏ စိတ်နှလုံးရွှင်ပြုံကြည်နူးဖွယ် ဖြစ်စေ သောစကားကို ပြောကြားခဲ့သောသူမှာ လင်ကွန်း သော်လည်းကောင်း၊ သောမတ်ဂျက်ဖာဆင် သော်လည်းကောင်း မဟုတ်ဘဲ၊ သီယိုဒိုရူစဗဲ့ ဖြစ်သည်ဟု ထင်ပါသည်။ ရှင်းပြရလျှင် -

သင့်အိမ်တွင် ကလေးတစ်ယောက်ရှိပါက၊ အမွှေးပွဝက်ဝံရုပ် ကလေး တစ်ရုပ်ရှိမည်မှာ သေချာပါသည်။ ဤဝက်ဝံရုပ်ကလေးကို တက်ဒီဟု ခေါ်ကြောင်းလည်း သင်သိပြီး ဖြစ်ပါလိမ့်မည်။ ကလေး တိုင်းလိုလိုပင်၊ အရုပ်ဆိုင်ရောက်လျှင် တခြားအရုပ်တွေ အကြားမှာ၊

အမွေးပွပွနှင့် ချစ်စရာဝက်ဝံပေါက် အရုပ်ကလေးမြင်လျှင် ဤအရုပ်ပဲလိုချင်ကြောင်း ပူဆာတတ်ကြသည်။ ဤဝက်ဝံရုပ်ကလေးမှာ အမေရိကန် သမ္မတတစ်ဦး၏ စကားတစ်ခွန်းမှ မွေးဖွားလာခြင်းဖြစ်သည်။

လွန်ခဲ့သော အနှစ်တစ်ရာကျော် (၁၉၀၂ -ခုနှစ်) ကဖြစ်သည်။ အမေရိကန်သမ္မတ သီယိုဒိုရုစဗဲ့သည် အမဲလိုက် ဝါသနာပါသူဖြစ်သည်။ သူကတစ်ကြိမ်တွင် အမဲလိုက်ထွက်ရာ၌ 'ကျုပ်တော့ဝက်ဝံရုပ်ကလေးတွေ မပစ်ချင်ဘူး' ဟု ပြောခဲ့၏။ ထိုစကားကို သတင်းစာများက ကာတွန်းရုပ်ကလေးဆွဲကာ ဖော်ပြကြသည်။ စိတ်ကူးကောင်းသော ကလေးကစားစရာအရုပ်လုပ်သူ၊ နယူးယောက်မှ မောရစ္စနှင့် မစ်ချ်တွန်တို့နှစ်ယောက်က၊ ထိုသတင်းကို အမှီပြုကာ၊ အဝတ်စဖြင့် ချစ်စရာဝက်ဝံရုပ်ကလေးလုပ်၍ (Teddy's Bear) တက်ဒီ၏ ဝက်ဝံလေးဟု နာမည်ပေးခဲ့၏။ (သမ္မတ Theodore ကို သူတို့ လူမျိုးတွေက Teddy ဟု အတိုကောက် ချစ်စနိုး ခေါ်ကြသည်) မကြာခင် ဝက်ဝံရုပ်ကလေးကို လူကြိုက်များ၍ အဝယ်လိုက်လာကာ၊ ကုမ္ပဏီဖွင့်၍ အလုပ်တိုးချဲ့ခဲ့ရသည်။ ဂျာမဏီနိုင်ငံရှိ .(Steiff) အရုပ်ကုမ္ပဏီကလည်း ဝက်ဝံရုပ်ကလေးတွေကို ထုတ်လုပ်ရောင်းချကာ Teddy's Bear ဟုပင် အမည်ပေးခဲ့သည်။ မကြာမီ တစ်ကမ္ဘာလုံးမှာပင် ထိုဝက်

ဝံရုပ်ကလေးတွေကို လူကြိုက်များလာခဲ့သည်။ ထိုအရုပ်ကလေးကိုပင် နောက်ပိုင်း၌ Tedd's Bear ဝက်ဝံကလေးတက်ဒီဟု ခေါ်ကြကာ၊ ယနေ့တိုင် ထိုနာမည်ဖြင့် လူသိများနေခဲ့၏။

တက်ဒီ ဝက်ဝံရုပ်ကလေးတွေ ထုတ်လုပ်ခဲ့သည်မှာ ယခုအခါ အနှစ်တစ်ရာကျော်ခဲ့လေပြီ၊ ကလေးကစားစရာ ကျွမ်းကျင်သူများက၊ တက်ဒီသည် ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး အရုပ်ဖြစ်သည်ဟု ဆိုကြသည်။ အမေရိကန်နှင့်ဥရောပရှိ ကလေးတို့မှာ မူကြိုအရွယ် ကပင် မိဘများဖြင့် ခွဲကာ တစ်ကိုယ်တည်း အိပ်စက်ကြရာ ဤအရုပ် ကလေးများကို အိပ်ယာ ထဲတွင် အဖော်ပြုကြရင်း အထီးကျန်ဆန်မှု ကိုဖြေဖျောက်ကြရင်း အချို့သည် ထိုဓလေ့ကြောင့် လူကြီးဖြစ်လာ သည့်တိုင်အောင် အရုပ်စွဲရောဂါ စွဲကပ်နေတတ်၏။ ဥပမာ အဲလ်ဗစ် ပရက်စလေနှင့် မိုက်ကယ်ဂျက်ဆင်တို့သည် လူကြီးအရွယ်ရောက်နေ သည့်တိုင်အောင် အရုပ်များကို ဝယ်ယူစုဆောင်းခြင်း၌ ဝါသနာထုံကြ သူများဖြစ်၏။ (၁၉၀၆ခုနှစ်က ထုတ်လုပ်သော Steiff ကုမ္ပဏီမှ တက်ဒီဝက်ဝံရုပ်ကလေးတစ်ရုပ်ကို ၁၉၉၄ ခုနှစ်က လေလံတင်ရာ ဒေါ်လာ တစ်သိန်း ရှစ်သောင်းနှင့် ရောင်းချခဲ့ရ၏) ဆန်ဖရန်စစ္စကိုမှ ဘောဘောကာနှင့်သူ့ဇနီး ဘာဘရာတို့သည် ၁၉၉၅တွင်၊ Operation

Teddy Core ဆိုသော ပရဟိတလုပ်ငန်းတစ်ခုကို စတင်ဆောင်ရွက်ခဲ့ကြ၏။ အမေရိကန်တစ်နိုင်ငံလုံးမှ ဝက်ဝံရုပ်ကလေးများကို အလှူခံခြင်းဖြစ်သည်။ အမေရိကန် ရေဒီယိုဌာနတွေကလည်း အကူအညီပေးခဲ့၏။ ထို့နောက် ကမ္ဘာတစ်ဝှမ်းလုံးရှိ ဒုက္ခရောက်နေသော နိုင်ငံများရှိကလေးများထံ ဝက်ဝံရုပ်ကလေးတွေ ပို့ကာ၊ နှစ်သိမ့်မှုပေးကြ၏။ ဂျပန်ကို ဘေးငလျင်လှုပ်စဉ်က ဝက်ဝံရုပ်တစ်သောင်း ပေးပို့ခဲ့ကြသည်။ ဘော့စနီးယားနှင့် ဟေတီလိုနိုင်ငံများသို့လည်း ပို့ပေး၏။ ဘေးဒုက္ခကြုံတွေ့နေရသော ကလေးငယ်များ၏ စိတ်နှလုံးကို ထိုဝက်ဝံရုပ်ကလေးများက ထိုက်တန်သလောက် နှစ်သိမ့်မှုပေးနိုင်ခဲ့လေသည်။ ထို့ကြောင့် သီယိုဒိုရုစဗဲ့ စကားတစ်ခွန်းမှာ တန်ဘိုးရှိသည်ဟု ဆိုခဲ့ခြင်းဖြစ်လေသည်။

*

အတွဲ ၂၊ အမှတ် (၂၅)

# လက်ရွေးစင်ဘောလုံးသမားဟောင်းတစ်ဦး၏ရာသီရင်ခုံသံ

သရော်စာအက်ဆေးများ သစ္စာနီ



# လက်ရွေးစင်ဟောင်းတစ်ဦး၏
# ရာသီရင်ခုန်သံ

ယခုအခါ ရောက်လေရာနေရာမှာ မကြားချင်အဆုံးဖြစ်နေသော စကားလုံးမှာ ဘောလုံးဖြစ်၍ နေလေသည်။ ဘောလုံးဆိုတာ လေးဒေါင့်မဟုတ်မှန်း သိသူတိုင်းလိုလိုကပင်၊ ဘောလုံးအကြောင်း ပြောဆိုနေကြလေရာ၊ လွန်ခဲ့သော အနှစ် ၅၀ လောက်က၊ မူလတန်းကျောင်း ဘောလုံးလက်ရွေးစင်ဟောင်း တစ်ဦးဖြစ်ခဲ့သူ ကျွန်တော်လည်းပါဝင် ပြောဆိုလာချင်သည်ကို လွန်သည်ဟု မဆိုနိုင်ပါ။ နားထောင်ကြည့်ပါ။ လက်ဖက်ရည်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ ဘတ်စ်ကားပေါ်၊ ဆေးလိပ်ခုံနှင့် မူကြိုကျောင်းပါ မကျန်၊ ဘောလုံး အကြောင်းပြောနေကြသည်။ ပြောမှာပေါ့။ UEFA ခေါ် ဥရောပဖလား ဘောလုံးပြိုင်ပွဲကြီး ကျင်းပ

နေခြင်းဖြစ်ရာ၊ ကမ္ဘာ့ဖလားပွဲပြီးလျှင် အကြီးအကျယ်ဆုံးပွဲမို့ မိန်းမ တွေရော၊ ကလေးတွေပါ စိတ်ဝင်စား နေကြခြင်းဖြစ်သည်။ သူတို့ စိတ်ဝင်စားပြီဆိုလျှင် ပွဲဆူပြီသာ မှတ်ပေတော့။

ဗဟုသုတအဖြစ်ပြောရလျှင် ဥရောပဖလားပွဲကို ၁၉၆၀ မှစတင်၍ ကျင်းပလာခြင်းဖြစ်ရာ။ ယခုပွဲကား (၁၁) ကြိမ်မြောက်ပွဲ ဖြစ်၏။ ဤပွဲမျိုး ကျင်းပရန် ပြင်သစ်မှ ဟင်နရီဒီလော့နေး ဆိုသူက ၁၉၂၇ကပင် တိုက်တွန်းလှုံ့ဆော်လာခဲ့ရသည်။ ထိုပုဂ္ဂိုလ်ကို ဂုဏ်ပြု သောအားဖြင့် စတင်ကျင်းပသောပွဲကို ပြင်သစ်တွင် ပြုလုပ်ခဲ့၏။ သို့သော် ထိုပွဲကို ဒီလော့နေး လာမကြည့်နိုင်။ (ဘောပွဲလက်မှတ် ဈေးကြီးသောကြောင့်မဟုတ်၊ ၁၉၆၀၌ သူကွယ်လွန်နေပြီဖြစ် သောကြောင့်ဖြစ်၏) ထိုပွဲစတင်စဉ်က စိတ်ဝင်စားသူနည်း၏ အ နောက် ဂျာမနီ၊ အီတလီနှင့် အင်္ဂလန်တို့က ဝင်မကာန်၊ ပွဲဦးထွက် ဥရောပ ချန်ပီယံကား အနီရောင်တူတံစဉ်အလံဖြစ်၏။ ဆိုဗီယက် အောင်ပွဲခံရခြင်းမှာ၊ ပြင်းထန်သော စစ်အေးကာလတိုက်ပွဲအတွင်း ကရှုးရှက်အတွက် လက်မထောင်စရာဖြစ်ခဲ့လေသည်။ ၁၉၆၄ ကား အာဏာရှင်ဖရန်ကို ကြီးစိုးနေသော စပိန်နိုင်ငံတွင်ဖြစ်၏။ ၁၉၆၀ က အိမ်ကွင်းအဝေးကွင်းစနစ်အရ ကွာတားဖိုင်နယ်တွင် စပိန်နှင့်ကစား

ရန်ရှိသော ဆိုဗီယက်ကို ဖရန်ကိုက (စပိန်ပြည်တွင်းစစ်ကို ကွန်မြူနစ်များ မီးမွှေးပေးသည်ဆိုသော နာကြည်းစိတ်ဖြင့်) ပြည်ဝင်ခွင့်ဗီဇာ ထုတ်မပေး။ ဆိုဗီယက်မှာ ပွဲမကစားရဘဲ ကွာတားတက်သွားခဲ့ရ၏။ ယူခုတွင်ကား ထိုရှုံးကြွေးကို ပြန်ဆပ်သောအားဖြင့် ဖိုင်နယ်တွင် ဆိုဗီယက်နှင့်တွေ့ကာ စပိန်ဗိုလ်စွဲခဲ့တော့ ဖရန်ကိုရင်ကော့စရာ ဖြစ်ခဲ့သည်။ သို့သော် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် စပိန်သည် ဤတစ်ကြိမ်က ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်ဆိုရလောက်အောင်ဆုရခဲ့ဖူး၏။

စပိန်လိုပင် ထိပ်သီးအီတလီသည်လည်း ၁၉၆၈ တစ်ကြိမ်တွင်သာ ဗိုလ်စွဲခဲ့ဖူး၏။ ဒါတောင် ဆီမီးဖိုင်နယ်တွင် ဆိုဗီယက်နှင့်တွေ့ပြီး အချိန်ပိုအထိ သရေကျနေရာ၊ ခေါင်းပန်းလှန်ကာ ဆုံးဖြတ်ရာတွင် ကံက ဖေးမသွားခြင်းဖြစ်၏။ ထိုစဉ်က ပင်နယ်တီကန်ကာ ဆုံးဖြတ်သော ဓလေ့မရှိသေး။ အများဆုံး ဗိုလ်စွဲမှုကား ဂျာမနီ (သုံးကြိမ်) ဖြစ်ကာ၊ ပြင်သစ်က နှစ်ကြိမ်၊ ဒိန်းမတ်၊ နယ်သာလန် (ဟော်လန်)၊ ချက်ကိုစလိုဗေးကီးယား တို့က တစ်ကြိမ်စီ ဗိုလ်စွဲခဲ့ဖူးခြင်း မရှိသေး။

သို့သော် မြန်မာပြည်က လူအများစုကား (ယခုတစ်ကြိမ်တွင်လည်း) အင်္ဂလန်ကိုပင်၊ အင်တိုက်အားတိုက် အားပေးကြဦးမည်ထင်

သည်။ အဘယ့်ကြောင့်ဆိုသော် အင်္ဂလန် ပရီးမီးယားလိဂ် ပွဲစဉ်တွေ ကြည့်နေကျ ဖြစ်သော မြန်မာပရိသတ်သည် ဒေးဗစ်ဘက်ဟမ်း၊ အိုဝင်၊ ပေါစခိုးလ်၊ နဗီးလ်ညီအစ်ကို၊ ဂျရတ် စသည့် အင်္ဂလန်ဘောလုံးသမားတွေနှင့် ထိတွေ့ယဉ်ပါးနေကာ သူတို့စိတ်ထဲတွင် ရင်းနှီးနေသောကြောင့် ဖြစ်သည်။ ချင်းချက်တော့ ရှိသည်။ မြန်မာပြည်က ကောင်မလေးတွေကတော့ ခါတိုင်းလိုပင် တော့တီ၊ ဒယ်ပီယာရို တို့လိုလူချောကလေးတွေပေါ်သည့် အီတလီအသင်းကို ခါတိုင်းလိုပင်၊ အားပေးလိမ့်မည် ထင်သည်။ တချိန် ကမ္ဘာ့ဖလားပွဲကလည်း မြင်းမြီးလိုဆံပင်နောက်တွင် ချည်ထားသော၊ မဟာယန ဗုဒ္ဓဘာသာဝင် ဘက်ဂီယိုကို သဲသဲလှုပ် အားပေးခဲ့ကြဖူးလေသည်။ အီတလီကား ခါတိုင်းလိုပင် လူမည်းအားကစားသမား မပါသလောက်ရှိသော အသင်းဖြစ်၏။ လူမည်းတွေကြီးစိုးသော အသင်းကား ပြင်သစ်ဖြစ်၏။ အွန်နရီ၊ ဒက်ဆယ်လီ၊ သူရမ်၊ ဂေါလက်၊ ဗီယာရာ၊ မက်ခီလီလီ၊ ဝိုးတော့၊ ဆစ်စီး၊ ရိုးဗူး၊ လူယင်ဒူလာ စသဖြင့် ကပ္ပလီတွေ များလှရာ မသိလျှင် အာဖရိကအသင်းဟု ထင်မှတ်ရ၏။ ဇီဒန်းကား အာရပ်ဖြစ်၏။ သို့သော်လက်ရှိ ချန်ပီယံဖြစ်သည်ကတစ်ကြောင်း၊ ကမ္ဘာ့ဖလားပွဲက ဆီနီဂေါလို အသင်းငယ်ကို ရှုံးကာ၊ စောစောစီးစီး ဆန်ခါတ်သောက်ခဲ့ရ

သည်ကို လည်းကောင်း၊ ဤပွဲတွင် အဖတ်ဆယ်ရန် ကြိုးစားလိမ့်မည်ဟု မျှော်မှန်းရလေသည်။


ဥရောပဖလားပြိုင်ပွဲတွင် မထင်မှတ်တာတွေ ဖြစ်ခဲ့သော နှစ်ကား ၁၉၉၂ ဖြစ်၏။ ဆွီဒင်တွင် ကျင်းပရာ၊ ခြေစစ်ပွဲမအောင်သော ဒိန်းမတ်က ခုပွဲမဝင်ဖြစ်သော ယူဂိုစလားဗီးယား ကိုယ်စားဝင်ခွင့်ရခဲ့ရာမှ၊ ထိပ်သီးအသင်းများကို ကျော်လွှားကာ ထိုပွဲတွင် ဗိုလ်စွဲသွားလေသည်။ ထိုပွဲတွင် ဘာလင်တံတိုင်းကြီး ပြိုကျသွား၏။ ဆိုဗီယက်ယူနီယံပြိုကွဲ၏။ အရှေ့ဂျာမနီခြေစစ်ပွဲမှ ထွက်ကာ၊ အနောက်ဂျာမနီနှင့် ဘောလုံးသမားခြင်း ပေါင်းရ၏။ ဆိုဗီယက်လည်း အမည်သစ် (CIS)ဖြင့်ပြိုင်ရင်း လွတ်လပ်သော မနေသဟာယနိုင်ငံများအသင်းဟူ၏။ ဒိန်းမတ်ဗိုလ်စွဲရာတွင် လူဟောင်းတစ်ယောက်ပါသည်ဟု ပြောရင်းနောက်ပိုင်းမန်ယူတွင် အစွမ်းပြခဲ့သော ဂိုးသမားကြီး ပီတာရှမိုက်ကယ်ဖြစ်၏။

ယခုဖလားပွဲကြီးဟာ ပို၍စည်ပင်လာသည်ဟု ဆိုနိုင်သည်။ First Eleven ဂျာနယ်နှင့် Forever တို့ ပူးပေါင်းကာ MMBox အစီအစဉ်မှ ဘောလုံးပြိုင်ပွဲများကို မြန်မာဘာသာစကားဖြင့် တင်ဆက်နိုင်သောကြောင့် သောကပွားသူက ကိုမီးပွားဖြစ်၏။ တစ်ခါ

က ယူရိုပွဲတွင် တင်ဆက်သူတစ်ဦးလုပ်ခဲ့သော ဦးညွန့်ဝင်း၏ ဒါဂျီ လင့်ပြန် လေယူလေသိမ်းကို နားစွဲနေသူတွေက လွင်မိုး၊ ရာဇာနေဝင်း နှင့် မင်းမော်ကွန်းတို့၏ လေသံကို ဘယ်လိုဝေဖန်ကြမလဲ စိတ်ဝင်စား စရာဖြစ်၏။ အားလုံးကောင်းသည့်အထဲတွင် မကောင်းတာတစ်ခု တော့ရှိသည်။ သူတို့ကစားသောပွဲများသည် (ကျွန်တော်တို့ စံတော် ချိန်အရ ) ညအချိန်မတော် ဖြစ်နေခြင်းဖြစ်သည်။ ဘောလုံးပွဲတွေ ပြီးသွားလျှင် အိပ်ရေးဆက်တိုက်ပျက်လို့ တစ်နိုင်ငံလုံး နုံးချိချိ ဖြစ်ကျန်ခဲ့မှာကိုသာ တွေးတောပူပန်မိပါကြောင်း။

*

အတွဲ ၂၊ အမှတ် (၂၆)



# တုတူတူး ပြဿနာ

ကျွန်တော်လမ်းပေါ်လျှောက်သွားသောအခါ ရုပ်ရှင်မင်းသား ဘရက်ပစ်နှင့် လူများကာ နှုတ်ဆက်ခံတာရမျိုး မကြုံဖူးပါ။ နှစ်ကိုယ်ခွဲ ရုပ်ရှင်များကလွဲ၍ လောကတွင် ခွဲမရအောင်တူသည့် လူနှစ်ဦးမရှိ ဟုထင်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းကမူ ထင်ရှားသော ခေါင်းဆောင်ကြီးများသည် လုပ်ကြံမည့်သူများကို လှည့်စားရန် ရုပ်ဆင်း ဆင်ဆင်တူသော သူများကို ကိုယ်ခွဲအဖြစ် အရံထားလေ့ရှိ သည်ဟု ကြားဖူးပါသည်။ လောကတွင် လူတူမရှား နာမည်တူမရှား ဆိုသော်လည်း (အမြွာမွေးတချို့ကလွဲ၍) နာမည်တူမရှားတာက ပိုမည်ထင်ပါသည်။ ဥပမာ - ရုပ်ရှင် ဒါရိုက်တာကြီး ဦးသုခနှင့် အဆိုတော်

သုခ၊ မင်းသားရန်အောင်နှင့် စာရေးဆရာကြီး ဦးရန်အောင် မင်းသား ဇေယျနှင့် စာရေးဆရာကြီး ဇေယျ။ ကျင်လည်.ကျက်စားရာ လောက ချင်းမတူသဖြင့် ပြဿနာမရှိလှပါ။ စာပေလောကတွင်ပင် ဖြစ်သော် လည်း၊ တက္ကသိုလ်ခင်မောင်အေးသည် တက္ကသိုလ်နောက်ခံအချစ် ဝတ္ထုရေးသူ ဖြစ်ကာ ခင်မောင်အေး (မန္တလေး)သည် အမဲပစ်ဝတ္ထု ရေးသူဟု ကွဲကွဲပြားပြား သိကြပါသည်။ ဘရက်ပစ်နှင့် အမှား မခံရ သောကျွန်တော်သည် သစ္စာနီဆိုသူနှင့် မကြာခဏ မှားယွင်းကာ အမေးခံရလေ့ရှိသည်။ ကျွန်တော်သည် ဤကလောင်အမည်ကို အင် မတန်တန်ဖိုးထားသဖြင့် စာပေလောက (ကဗျာ၊ ဝတ္ထု)ကလွဲ၍ တခြား နေရာများတွင် သုံးစွဲလေ့မရှိပါ။

ဤနေရာတွင် တူတာနှင့် တုတာကို ခွဲခြားနားလည်သင့်သည် ထင်ပါသည်။ ရုပ်ပြကာတွန်းလောကတွင် စံရွှေမြင့်၊ ပြာဂလောင်၊ မြိုင် ရာဇာတွတ်ပီ၊ မောင်မောင်ဇာ စသည့် ထင်ရှားသော လူကြိုက်များ သော ဇာတ်ကောင်များကို တုပရေးသည့် (အမှန်တော့ ခိုးချတာပါပဲ) ရုပ်တုအတုများဖြင့် လုပ်ကိုင်စားသူတွေ ထွန်းကားခဲ့ဖူးတာ တွေ့ရ ပါသည်။ လူလုံးပြစားရသော ရုပ်ရှင်ဇာတ်သဘင်တို့တွင် ထင်ရှား ကျော်ကြားသူတို့ မှီ၍ နာမည်တစ်လုံး ထူထောင်နိုင်သူများကို တွေ့ခဲ့ရ

ပါသည်။ အကယ်ဒမီ မင်းသားကြီးတစ်ဦးကို တုပ၍ ဘီအီး ဒီအောင်သိုက်၊ ဝင်းဦးကို တုပ၍ ချိုးဖြူ ကျော်ဟိန်းကို တုပ၍ ချစ်ဖွယ်စသည်ဖြင့် မြန်မာလူမျိုးတို့ စရိုက်အတိုင်း ရှေ့လူများက သူတို့ ကို မှီ၍ ဖြစ်သည့်လူများကို မကန့်ကွက်ရုံမက မုဒိတာ ပွားကြတာ တွေ့ရပါသည်။ ဝင်းဦးက ချိုးဖြူ စင်ပေါ်တက် ကာ သီချင်းဆိုရင်း ကူညီဖူးသလို၊ ကျော်ဟိန်းကလည်း ချစ်ဖွယ်ကို သူ့ ရုပ်ရှင်ထဲ ခေါ်ကာ အသုံးပြုခဲ့ဖူးပါသည်။ အသံချည်း တုပသူများသည် ပေါ်ပေါက်ခဲ့ဖူးသူ နာမည်ကြီး ဇာတ်ကောင်များ၏ လေသံအားလုံးကိုပင် တုပပြောနိုင်ခဲ့ သည်။ ဥပမာ ကြယ်တစ်လုံး၊ ချန်ပီယံတင်ညွန့်၊ သူတို့ကတော့ အပျော် တမ်းဖျော်ဖြေရေး သက်သက်သာ ဖြစ်သည်။ တူသူနှင့် တုသူအကြား ပြဿနာမရှိကြလျှင် ကောင်းပါသည်။

မကြာသေးခင်က ရာဇာနေဝင်းအတု ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပခဲ့ သည်ကို တွေ့ရပါသည်။ မရိုးသားသော သဘောမပါ၊ ကာယကံရှင်က လည်း ကြည်ကြည်ဖြူဖြူ ခွင့်ပြုအားပေးသဖြင့် ပျော်စရာဖြစ်သွား ပါသည်။ တုကြသူတွေကလည်း ကာယကံရှင်ကို တရိုတသေ တလေး တစား ပြုကြပါသည်။ ဒီအထဲမှ တချို့ဆို ဗီဒီယိုကြော်ငြာလောကတွင် နေရာတစ်နေရာရရန် လမ်းပွင့်သွားပါသည်။ အလားတူ ပွဲမျိုးကို ဇူလိုင်

"၂၄ ရက်နေ့က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကီးဝက်စ်မြို့မှာ ကျင်းပခဲ့ပါသည်။ ရာဇာနေဝင်း အတုပြိုင်ပွဲတော့ မဟုတ်ပါ။ ကမ္ဘာကျော် စာရေးဆရာကြီး ဟဲမင်းဝေးကို ဂုဏ်ပြုသော အမှတ်ရသောအားဖြင့် ဆရာကြီး ဟဲမင်းဝေး အတုပြိုင်ပွဲကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ (ထိုကီဝက်စ်မြို့ကလေးတွင် ဆရာကြီး ဟဲမင်းဝေးသည် ၁၉၃၀ ခုနှစ်များ တဝိုက်က နေထိုင်ခဲ့ဖူးသည် ဟု ဆိုပါသည်) ထိုပွဲကို နိုင်ငံပေါင်းစုံမှ လူ ၃၅၀ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြရာ၊ ကာဇက်စတန်လိုနိုင်ငံမျိုးမှပင် ဖြစ်ပါသည်။ နောက်ဆုံး ဟဲမင်းဝေးနှင့် အတူဆုံးလူအဖြစ် ဆုရသွားသူမှာ မြောက်ကာရို လိုင်းနားပြည်နယ်မှ ဂျွန်စတပ်ဘင်းစ်ဆိုသူ ဖြစ်ပါသည်။

ကမ္ဘာတွင်လည်း အကြောင်းအားလျော်စွာ ပရက်စလေလူတူရွေးပွဲ၊ ဘရစ်စွလီ လူတူရွေးပွဲစသဖြင့် အပျော်ကျင်းပလေ့ရှိပါသည်။ ချာလီချက်ပလင် အသက်ထင်ရှားရှိကာ အင်မတန်ကျော်ကြားနေစဉ်က ထိုကဲ့သို့ ချာလီချက်ပလင် လူတူရွေးပွဲတစ်ခု ကျင်းပခဲ့ပါသည်။ ချာလီချက်ပလင် ရုပ်ရှင်ကားများထဲ ဝတ်ဆင်လေ့ရှိသည့် အဝတ်အစားများ ဝတ်ကာ၊ ရုပ်ရှင်ထဲက ချာလီချက်ပလင်ကဲ့သို့ ထင်ပေါ်တတ်ကာ တုပသရုပ်ဆောင်ပြရခြင်း ဖြစ်ပါသည်။ ထိုပွဲကို

သူ့အရည်အချင်းသိရအောင် အပျော် သဘောနှင့် ချာလီချက်ပလင် အစစ်ကလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ ဤအဖြစ်ကို အမှတ် ပေးအကဲဖြတ် ဒိုင်သူကြီးများပင် မသိကြပါ။ တကယ်တမ်း အဖြေ ထွက်လာသောအခါ ချာလီချက်ပလင်အစစ်မှာ နံပါတ်တူ (ဒုတိယ နေရာသာ) ရရှိခဲ့ပါသည်။ တစ်ခါတစ်ရံ လောကတွင် အတုသည် အစစ်ထက်ပင် အစွမ်းထက်ပုံရကြောင်း သာဓကပင် ဖြစ်ပါလေတော့ သည်။

*

**Emperor** အတွဲ(၁) အမှတ်(၇) ဇန္နဝါရီလ၊ ၂၀၀၅ခုနှစ်

# သစ္စာနီမိန်းမရခြင်း

သရော်စာအက်ခ‌ေ‌ာ်များ   သစ္စာနီ



# သစ္စာနီ မိန်းမရခြင်း

လမ်းမှာမောင်မောင်ဇယျနဲ့ ကျွန်တော်နဲ့တွေ့တော့ သူကမေးတယ်၊ ခင်ဗျား မိန်းမရနေပြီဆိုတဲ့။ ကျွန်တော်ရတဲ့မိန်းမ ကအရုပ်ဗျ ဆိုတော့ သူကအဲတာကောင်းတာပေါ့တဲ့။ မိန်းမဆိုတာ အင်မတန် ညြဇာပေးတတ်တဲ့ သတ္တဝါ။ အခုလို ကိုယ်ကြိုးဆွဲရာ ကမယ့် မိန်းမကိုရတယ်ဆိုတော့ ခင်ဗျားကံကောင်းတာပေါ့တဲ့။ ပြီးတော့မေးသေးတယ် ဘယ်မှာတွေ့တာလဲတဲ့။

လမ်းပေါ်မှာ။

မိဘဆွေမျိုးရော။

မရှိဘူး။

ဒါဆို ပိုကောင်းတယ် လင်မယားအကြား ရှုပ်မဲ့သူ မရှိဘူးပေါ့တဲ့။ ဒဿနိကနဲ့ ဘွဲ့ရလာတဲ့လူကြီးက ဒဿနိကတွေ သိပ်ထုတ်မနိုင်ဘူး။ မိန်းမခိုင်းလိုက်တာ သွားလုပ်ရဦးမယ်ဆိုပြီး ခပ်သွက်သွက် ထွက်သွားတယ်။

နောက်တစ်နေ့ကျတော့ မြတ်သစ်ကြီးနဲ့တွေ့တယ်။ ခင်ဗျား မိန်းမရနေပြီဆိုတဲ့။

ဘယ်သူပြောလဲ။

ဒီလိုပဲ ပြောနေကြသံ ကြားရတာပဲ၊ အရပ်အမောင်းက ဘယ်လောက်ရှိလဲ။ (ကျွန်တော်က နည်းနည်းစဉ်းစားပြီး ပြောရတယ်) အိန္ဒြာကျော်ဇင်လောက်ရှိမယ်။ ကိုယ်လုံးကိုယ်ပေါက်ကရော၊ အင်း အိန္ဒြာကျော်ဇင်လောက်ပါပဲ။

သူစိတ်ဝင်စားတာလောက်ပဲ မေးပြီး၊ မြတ်သစ်ကြီးက ထုံးစံအတိုင်း သူ့ခေါင်းကြီးကို ငဲ့စောင်းပြီး မျက်စောင်းထိုးကြည့်တယ်။ အဲဒီအချိန်က သူ့လက်ထဲမှာ ဆေးပြင်းလိပ်တစ်လိပ် ရှိမနေတာ ကျွန်တော်ကံကောင်းတယ်။ ရှိနေရင် ကျွန်တော့်မျက်နှာကို ဆေးပြင်လိပ်မီးခိုးနဲ့ မှုတ်ထုတ်တာလည်းခံရမှာ သေချာတယ်။ သူကြည့်ရတာ လူပျိုကြီးချင်းအတူတူ ကျွန်တော်က သူ့ထက်ကျော

သွားတာကို သိပ်မကျေမချမ်းဖြစ်နေပုံပဲ။ တကယ်တော့ မိန်းမယူရင် မော်ဒယ်ဂဲလ်ပဲ ယူမယ်လို့ သူက အစောကြီးထဲက (မင်းခိုက်စိုးစန်တို့ ဝေမှုးသွင်တို့၊ မျိုးကိုမျိုးတို့ထက်စောပြီး) ကြွေးကြော်ထားခဲ့တာ။ နောက်မှ ကျုပ်လာကြည့်ဦးမယ်လို့ပြောပြီး ထွက်သွားတယ်။

အဒုတစ်လော ကျွန်တော်ပြဿနာ ဖြစ်နေတာ အဲဒီကိစ္စပဲ။ အမေရိကန်မှ မင်းသား မိုက်ကယ် ဒေါက်ကလပ်က (၅၈) နှစ်၊ သချာ ပညာရှင်ကြီး ပိုက်သာဂိုးရပ်စ်က (၆၀)နှစ်မှ မိန်းမယူကြတာပဲ။ ပြဿနာရှိပုံ မရဘူး။ ကျွန်တော့်ကိစ္စကျမှ လူတွေက ဘာလို့စိတ် ဝင်စားနေရတာလဲ၊ တကယ်တော့ ကျွန်တော်မိန်းမရတယ် ဆိုတာ ကလည်း . . .

ရုတ်တရက် တယ်လီဖုန်းခေါ်သံမြည်လို့ ကောက်ကိုင်လိုက် တော့ တစ်ဘက်က စကားပြောတဲ့သူက တာရာမင်းဝေ ဖြစ်နေတယ်။

အစ်ကိုရေ အစ်ကိုမိန်းမရနေပြီဆို။

မင်းကိုဘယ်သူပြောလဲ။

ဒီလိုပဲ သတင်းတွေဖြစ်နေတာပဲ၊ အစ်ကိုတော့ ကံဆိုးတာပဲ။

ဒီစကားမျိုး မင်းပဲပြောတယ်၊ ဘာဖြစ်လို့လဲ။

ယောကျ်ားတွေဟာ ကံဆိုးတဲ့အချိန်မှာ အိမ်ထောင်ကျတတ်

တယ်တဲ့။

မင်းအရက်သောက်ထားလား။

ကျွန်တော်အရက်မသောက်ပါဘူး၊ ခေါင်ရေပဲ သောက်ထားတာ။

ကျွန်တော် တယ်လီဖုန်း ပြန်ချလိုက်တယ်။ ဒီကိစ္စကတော့ မြန်မြန်ရှင်းမှ ကောင်းမယ်။ လွမ်းဝေနိုင်၊ ရဲကျော်မြင့်တို့သိလို့ ဂျာနယ်ထဲထည့်လိုက်ရင် ပိုရှင်းရခက်ကုန်မယ်၊ ဒီကိစ္စဖြစ်တာ တစ်ပတ်လောက်ပဲရှိသေးတယ်။ သတင်းပျံ့သွားတာက အင်မတန်မြန်တယ်။ အဲဒီအချိန်မှာ တံခါးခေါက်သံကြားလို့ ဖွင့်ကြည့်လိုက်တော့ ကြွက်တွေ့ပြီး လန့်သွားတယ်။ (တိရစ္ဆာန်ကြွက်မဟုတ်ပါ၊ လူကြီးမင်းကြွက်သို့မဟုတ် သိမ်းတင်သား ဖြစ်ပါသည်။) ထုံးစံအတိုင်း သိမ်းတင်သားက အခန်းထဲဝင်လာရင်း တောင်ကြည့် မြောက်ကြည့် ကြည့်ရင်းမေးတယ်။ ဘာယ်ရောက်နေလဲ။

ခင်ဗျားမိန်းမကိုပြောတာ။

ဆရာ မြတ်သစ်ကပင် ပို့စ်မော်ဒန် ဂျာနယ်လစ်စစ်စစ်လို့ကင်ပွန်းတပ်ခံထားရတဲ့ ကိုကြွက်ဆိုတာက ဖွတဲ့နေရာမှာ နှစ်ယောက်မရှိတဲ့သူ။ ခင်ဗျားဟာ ကြွက်ဆိုတဲ့အတိုင်း အနံ့ခံ တော်တော်ကောင်းပါလား။

အမ်အက်စ်အိုက တစ်ခါတည်း ခတ်ပုံရိုက်ခဲ့လို့ မှာလိုက်တယ်။ အက်မ်အက်စ်အို ဆိုတာက စိတ်ကူးချိုချိုက မောင်စန်းဦးကို ပြောတာ၊ သူက သူစီစဉ်တဲ့ ဂျာနယ်တစ်စောင်အတွက် လွှတ်လိုက်ဟန်တူတယ်။ ကင်မရာပြင်ရင်း ပါးစပ်ကလည်း အင်တာဗျူးနေသေးတယ်။ ဆတ်နဲ့ဆီမွှန်ဒီဗိုးဘွားလို လစ်ဗင်းတူဂဲသားပဲပေါ့နော်။ အားကျလိုက်တာ။ ကျွန်တော်တော့ အခုအချိန်အထိ အကောင်အထည် မဖော်နိုင်သေးဘူး။ ခင်ဗျားကို ဒီတစ်ချက်တော့ အမုန်းဆုံးပဲ။ ကဲ ခတ်ပုံရိုက်ရအောင် သူမက ဘယ်မှာလဲ၊ အိပ်ခန်းထဲမှာ။ တပတ်လောက်ရှိနေတောတောင် ရှက်တုန်းပဲလား။ ကျွန်တော်က အခန်းထဲဝင်ရိုက်ရမှာလား။ ဘာမှမပြောဘဲ ကျွန်တော်က အိပ်ခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်တယ်။ ဝမ်းသာအားရ ပြေးဝင်သွားတဲ့ ကိုကြွက်ဟာ ခုတင်ပေါ်မှာ လှဲနေတဲ့ အရာကိုလည်းတွေ့ရော. .

ဟာ ရက်စက်လိုက်တာဗျာ၊ သစ္စာနီတို့ကတော့ မုန်းပြီ။

ဘာဖြစ်လို့လဲ။ ခင်ဗျားဟာက အရုပ်ကြီးပဲဗျ။ အင်းလေ. . .။

ခင်ဗျားမိန်းမရနေတယ်လို့ လူတွေပြောတော့။ ကျွန်တော်လည်း တစ်ခါမှ မပြောခဲ့ဘူး။ ပြောခဲ့တာကတော့ နီကိုလွဲပဲ၊ ခင်ဗျားမိန်းမရနေပြီလို့ တွေ့သမျှလူ လျှောက်ပြောနေတယ်။

'ရွှေရည်မြင့်မြတ်' စာအုပ်တိုက်

ဟုတ်ပြီ ကျွန်တော်တွေးမိပြီ၊ လွဲတာမှန်သမျှ ဒီကောင် ကန်ထရိုက်ယူလာတာ (ဖြစ်ပုံကဒီလို)

လွန်ခဲ့တဲ့ တစ်ပတ်လောက်က လမ်းလျှောက်ထွက်မလို့ မနက်စောစော ကျွန်တော် အိမ်ကထွက်တော့ အိမ်ရှေ့လမ်းပေါ် ကျနေတဲ့ အရုပ်ကြီးတရုပ်ကို တွေ့တာပဲ။ ကုန်တိုက်ကြီးတွေ၊ ဖက်ရှင်ရှော့ပ်တွေမှာ အဝတ်အစားတွေဆင်ပြီး အလှပြထားတဲ့ ကော်ပတ်ရုပ်ကြီးတွေ မြင်ဖူးမှာပေါ့။ အဲသလို အရုပ်မျိုးတစ်ရုပ်ပဲ။ ဖြစ်နိုင်တာကတော့ အဲဒီအရုပ်ကြီးတွေကို တစ်နေရာကိုပို့ဖို့ သယ်ဆောင်လာတဲ့ ကားတစ်စီးပေါ် က၊ မတော်တဆ ကျွန်တော့်အိမ်ရှေ့အရောက်မှာ ကျကျန်ခဲ့ဟန်တူပါတယ်။ အရုပ်က ကလေးစရာ ခပ်သေးသေးမဟုတ်ဘူး။ အိမ်ရှေ့မှာကျနေတာလည်း မြင်လို့ မကောင်းဘူး။ ဒီလိုနဲ့ ကျွန်တော်လည်း မသယ်လာပြီး၊ ဧည့်ခန်းထဲက နှစ်ယောက်ထိုင် ကုလားထိုင်ပေါ် လှဲတင်ထားလိုက်တယ်။ တခြားရည်ရွယ်ချက်မရှိပါဘူး။ တကယ်လို့ အရုပ်ကျ သွားတာသိလို့ ပြန်လာရှာရင်လည်း ပိုင်ရှင်ကိုပြန်ပေးလိုက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ပေါ့။

အဲဒီနေ့က ကျွန်တော်အိမ်မှာ ကော်ဖီဖျော်သောက်မယ် ပြင်နေတုန်း မောင်ရန်ပိုင် ရောက်လာတယ်။ သူက အခန်းထဲဝင်လာလာချင်း

အရုပ်ကြီးကိုမြင်ပြီး၊ ဟော့ လူ ဒါကြီးက ဘယ်လိုဖြစ်နေတာလဲတဲ့။ ကျွန်တော်က အကျိုးအကြောင်း ပြောပြလိုက်တော့ သူက အရုပ်ကြီး ကို မရဲတရဲ ကြည့်ရင်း . . . .

ခင်ဗျားဟာကြီးက ဝတ်လစ်စားလစ်ကြီး မြင်မကောင်းဘူးဗျာ။

ဘာဖြစ်လဲဗျာ၊ အရုပ်ကြီးပဲ။

အရုပ်ဆိုပေမယ့် မိန်းမအင်္ဂါအပြည့်အစုံနဲ့၊ ရှိုက်ဖိုကြီးငယ် အသွယ်သွယ် ပေါ်နေတာ မမြင်ဘူးလား။

သူလူပျိုကြီးဆိုတာ ပြောဖို့မေ့နေတယ်။ (ဘုန်းကြီးလည်း သူ သုံးနှစ် ဝတ်ဖူးသေးတယ်။) သူက အရုပ်ကြီးကို ကြည့်လိုက် ရေ သောက်လိုက် လုပ်နေတာနဲ့ ကျွန်တော်လည်း သူ့ကို လက်ဖက်ရည် သောက်ရအောင် အပြင်ခေါ်လာခဲ့တယ်။ ဒါတောင်သူက အခန်းထဲ က ထွက်ခါနီး၊ နောက်ဆုံးကြည့်ပြီး ပြောလိုက်သေးတယ်။ အဝတ် အစားကတော့ ဝယ်ဝတ်ပေးလိုက်ဦးဗျာတဲ့။ ဒါနဲ့ သူ့ကို လက်ဖက် ရည်တိုက်ပြီးတော့၊ ကျွန်တော် ဈေးဘက်ထွက်ခဲ့တယ်။ ပြီးတော့ မျက်နှာပူပူနဲ့ မိန်းမဝတ်အင်္ကျီ၊ ဘော်လီအင်္ကျီနဲ့ ထဘီတွေဝယ်ရ တယ်။ ဈေးထဲကပြန်အထွက်မှာ နီကိုရဲနဲ့ တွေ့တာပဲ။ သူက ကျွန်တော့်လက်ထဲကဟာတွေ ကြည့်ပြီး တအံ့တသြ မေးတယ်။

ဟော့လူ ဒါတွေက ဘယ့်သူအတွက်လဲ။ အိမ်ကဟာ အတွက်ပါကွာ။ ကျွန်တော်ပြောခဲ့တာကတော့ အိမ်ကဟာအတွက်ဆိုတာလောက်ပါပဲ။ ဒါပေမယ့် ထုံးစံအတိုင်း အလွဲတကာ့ ထိပ်ခေါင် နီကိုလွဲက အိမ်ကမိန်းမလို့ အဓိပ္ပာယ်ကောက်လိုက်ပုံရတယ်။ သူကစပြီး ဒီသတင်းကို လွှင့်လိုက်တာ တစ်ယောက်ကအစ တစ်ရာဖြစ်သွားတာပါပဲ။

ကျွန်တော် ပြောတဲ့စကားကြားတော့မှ သိမ်းတင်သားဟာ ပါးစပ်နားရောက်ခါနီး ဒိန်ခဲပုတ်ချခံရတဲ့ ကြွက်လို မသက်မသာ မျက်နှာထားမျိုးနဲ့ အိမ်ကထွက်သွားပါတော့တယ်။

(မှတ်ချက်) - လမ်းပေါ်တွင် ထိုအရုပ်မျိုး ကျပျောက်သူရှိပါက မောင်ရန်ပိုင်ထံ သွားရောက်ယူနိုင်ပါသည်။ နောက်တစ်ရက်တွင် သူက ကမ္ဘာ့ဥာဏ်ရှုရန်ဟု အတင်းလာတောင်းနေသဖြင့် ကျွန်တော်ပေးလိုက်သောကြောင့် ဖြစ်ပါသည်။

*

သစ္စာနီ

# သီပေါမင်းနှင့်သက်မွန်မြင့်

သရော်စာအက်ဆေးများ　　　　သစ္စာနီ



# သီပေါမင်း၊ သက်မွန်မြင့်

# နှင့်

# အဖြူအမည်း

ညကို သက်မွန်မြင့်စောင့်၏ဟု လူငယ်ကဗျာဆရာတစ်ယောက်က ဆိုပါသည်။ သက်မွန်မြင့်ကို ဘယ်သူစောင့်သလဲဆိုတော့ သူပေါ့ ဟုဖြေ သည်။(သူသည် ညတိုင်းပင် တီဗွီမှလာသည့် သက်မွန်မြင့်၏ ကြော်ငြာများကို စောင့်ကြည့်တတ်သူဖြစ်ပါသည်။) တစ်ခုတော့ ရှိပါသည်။ သက်မွန်မြင့်က ခေါင်းကလေးငဲ့စောင်းကာ ပြုံးလိုက် မျက်စကလေး ပစ်လိုက်၊ ပခုံးကလေး တွန့်လိုက်၊ လျှာကလေး ထုတ်ပြလိုက် လုပ်နေသည် ကို မျက်တောင်မခတ် ကြည့်နေရသဖြင့် တစ်ခါတစ်ရံ ဘာပစ္စည်း ကြော်ငြာသွားမှန်း မသိလိုက်ပါဟု ရိုးရိုးသားသား ဝန်ခံရှာပါသည်။ ကြော်ငြာပစ္စည်း နာမည်ကြီးမကြီး

မသိရသော်လည်း သက်မွန်မြင့်ကတော့ နာမည်ကြီးလာပါသည်။ ထို့ကြောင့် သူမအနေဖြင့် ကြော်ငြာရှင်များကို ကျေးဇူးတင်သင့်သည်ဟု ထင်စရာရှိပါသည်။ သို့သော် တကယ်တန်း ကျေးဇူးတင်ရမည်က ရုပ်မြင်သံကြားကိုသာဖြစ်ပါသည်။ (အရုပ်မမြင်ရဘဲ အသံသာကြားရတဲ့ ရေဒီယိုမှ ကြော်ငြာကြည့်ပါလား) ဤစာမှာ သက်မွန်မြင့် ဦးကာ မဟုတ်ပါ။ သို့သော် ကြော်ငြာအကြောင်း တော့ ပြောချင်ပါသေးသည်။

ယခင် ၁၀နှစ်ခန့်က မဂ္ဂဇင်းများနှင့် ယခုခေတ်မဂ္ဂဇင်းများ ထင်ရှားထူးခြားသော ခြားနားချက်ကိုပြောပါဆိုလျှင် ဈေးများလာခြင်းနှင့် ကြော်ငြာများလာခြင်းကို လက်ညှိုးထိုးပြရမည် ထင်ပါသည်။ ယခင် ကြော်ငြာကသုံးပုံနှစ်ပုံ နေရာယူထားသည့် နိုင်ငံခြားမဂ္ဂဇင်းများကို တွေ့မြင်စက ကျွန်တော်တို့ ဘဝင်မကျခဲ့ပါ။ ယခုတော့ ထိုပုံစံ မြန်မာမဂ္ဂဇင်းများနှင့်ပင် အတော်အနေသားကျနေပါပြီ။ ဖြူဖြော စက္ကူ ကြွေစက္ကူ ရောင်စုံစာမျက်နှာများနှင့် ထုတ်ဝေနေသော ကွာလတီ မဂ္ဂဇင်းများ၏ ကုန်ကျစရိတ်မှာ မြင့်မားလှပါသည်။ တစ်အုပ်ချင်းပင်လျှင် ရောင်းချသော ဈေးနှုန်းထက် ကုန်ကျစရိတ်က ကြီးနေပါသည်။ ဒါဖြင့် ဒီမဂ္ဂဇင်းတွေ ဘာကြောင့် ရပ်တည်နေနိုင်သနည်း။

ကြော်ငြာကြောင့်ပင် ဖြစ်ပါသည်။ ယနေ့မဂ္ဂဇင်း ဂျာနယ်များ၏ အသက်မှာ ကြော်ငြာပင်ဖြစ်ပါသည်။ ရွေးချယ်စရာ များသော ကျွန်တော်တို့ခေတ်ထဲတွင် ကျွန်တော်တို့ဘဝများသည်လည်း ကြော်ငြာများ၏အကူအညီမရဘဲ လွတ်ကင်းစွာ ရပ်တည်နိုင်ရန် ခဲယဉ်းကြောင်း လေ့လာတွေ့ရှိရပါသည်။ ဘယ်လိုအလှကုန်သုံးမလဲ၊ ဘယ်ဖိနပ်စီးမလဲ၊ ဘယ်စားသောက်ဆိုင်မှာ စားမလဲ၊ ဘယ်အမွှေး တိုင်ထွန်းမလဲ၊ ယုတ်စွအဆုံး ဘယ်လို ဝမ်းနုတ်မလဲ ဆိုတာကအစ ကြော်ငြာများကို အားကိုးမှီခိုနေရပါသည်။ သူတို့နိုင်ငံများတွင်မူ ကြော်ငြာသည် နေ့စဉ် လူနေမှုဘဝထဲတွင် အရေးပါသော အရာဖြစ် နေတာ ကြာပါပြီ။ ချမ်းသာသူတွေက ငွေကို ဘယ်နေရာမှာ ဘယ်လို သုံးရမလဲ ကြော်ငြာတွေမှာ ရှာသလို ဆင်းရဲသူတွေကလည်း ဘယ်နေ ရာတွင် ဘယ်အရာများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ရနိုင် တယ်ဆိုတာကို ရှာဖွေကြည့်ကြရပါသည်။ ကြော်ငြာသည် ဘဝလိုအပ် ချက်ကို ဖြည့်ဆည်းပေးသောအရာ ဖြစ်သည်။

ထိုအခါ ကြော်ငြာ၏ အရေးပါပုံကို သိသော ကြော်ငြာရှင်များ သည် ရုပ်မြင်သံကြား၏ အရေးပါပုံကို သိကာ ရုပ်မြင်သံကြားထဲသို့ စုံကြိုးတိုးဝှေ့ ဝင်ရောက်လာကြလေသည်။ တကယ်လည်း ကနေ့

ဆက်သွယ်ရေး မီဒီယာ များထဲတွင် ရုပ်မြင်သံကြားသည် လူကြိုက်အများဆုံး အတွင်ကျယ်ဆုံး အထိရောက်ဆုံး အရာဖြစ်၍နေလေသည်။ ကျွန်တော်ပြောလိုသည်မှာ ကြော်ငြာ အကြောင်းမဟုတ်ပါ။ ရုပ်မြင်သံကြားအကြောင်းပင် ဖြစ်ပါသည်။ ယခုအခါ ရုပ်မြင်သံကြားမှာ ကျွန်တော်တို့လို ဖွံ့ဖြိုးစနိုင်ငံများတွင်ပင် ဇိမ်ခံပစ္စည်းဟု မသတ်မှတ်သော အခြေခံလူသုံးကုန်ပစ္စည်း တစ်မျိုးဖြစ်ပါသည်။ မြန်မာလူမျိုး တစ်ဦးသည် တစ်နေ့လျှင် ပျမ်းမျှ ၃ နာရီမှ ၅ နာရီ အကြား ရုပ်မြင်သံကြားရှေ့တွင် အချိန်ဖြုန်းလေ့ရှိပါသည်။လိုင်းခွဲတွေ များသော နိုင်ငံကြီးများတွင်မူ တစ်နေ့လျှင် ၈ နာရီမှ နာရီ ၂၀အထိ ရုပ်မြင်သံကြားရှေ့တွင် အချိန်ဖြုန်းလေ့ရှိသည်ဟု ဆိုပါသည်။ကျွန်တော်ကတော့ လိုင်းခွဲတွေ မများစေချင်ပါ။ ယခုလိုင်းခွဲနှစ်ခု ( မြန်မာ့အသံနှင့် မြဝတီ) အတွက်ပင် အတော်အလုပ် များနေသောကြောင့် ဖြစ်ပါသည်။လိုင်းတစ်လိုင်းမှ လိုင်းတစ်လိုင်းကိုရွှေ့တိုင်း အရုပ်အသံ ကြည်လင်စေရာ အင်တင်နာ တပ်ဆင်ထားကာ ဝါးလုံးတိုင်ကို ထိုင်ရာမှထကာ လက်နှင့်ကိုင်လှည့်နေရသောကြောင့် ဖြစ်ပါသည်။

အမေရိကန်၌ အိမ်တစ်ရာလျှင် ၉၈အိမ်မှာ ရုပ်မြင်သံကြား အနည်းဆုံး တစ်လုံးစီ (တစ်ချို့ ထို့ထက်မက)ရှိကြသည်ဟု စစ်တမ်း

ကောက်ယူမှု က ဆိုပါသည်။ထိုအထဲတွင် မရှိသော အိမ်နှစ်အိမ်မှာ-

(၁)ရုပ်မြင်သံကြား ထုတ်လွှင့်သည်ကို မဖမ်းယူနိုင်လောက်အောင် ဝေးလံသော ဒေသရှိ အိမ်တစ်အိမ်နှင့်

(၂)စက်မှုနည်းပညာနှင့် ခေတ်သစ်ယဉ်ကျေးမှု ဟူသမျှ ငြင်းပယ် ဆန့်ကျင်သော အယူသည်း ဘာသာရေး ဂိုဏ်းဝင်တစ်ဦး၏ အိမ်ဖြစ်နိုင် ပါသည်။

မကြာသေးမီက အမေရိကန်နိုင်ငံ တစ်ဝှန်းလုံး တုန်လှုပ် ချောက်ခြားသွားသော သတင်းတစ်ပုဒ် ထွက်ပေါ်လာပါသည်။ တခြားကမ္ဘာမှ ဂြိုဟ်သားတစ်ဦးဦးကို အရှင်လတ်လတ် ဖမ်းမိခြင်း၊ ကျော့ဝါရှင်တန်မှာ မိန်းမရှာဖြစ်နေခြင်း၊ အဲလီဇဘက်ဘုရင်မ အရက်ခိုးသောက်ခြင်း စသည့် သတင်းမဟုတ်ပါ။ နယူးဂျာစီပြည်နယ်ရှိ အမျိုးသမီး တစ်ဦးဟာ သူတို့အိမ်တွင် ဘယ်တုန်းကမှ ရုပ်မြင်သံကြားမရှိခဲ့ကြောင်း၊ နောင်တွင်လည်း ဝယ်ယူရန် စိတ်ကူးမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းကြောင့် ဖြစ်ပါသည်။

ရုပ်မြင်သံကြားစက်ကို သူတို့ဆီတွင် သီပေါမင်း ပါတော်မူပြီးစ (၁၈၈၈)ကပင် စမ်းသပ်ပြုလုပ်ခဲ့သည်။ အများပြည်သူ ကြည့်ရှုနိုင်အောင် နယူးရောက်မြို့တွင် ၁၉၃၅မှ စတင်ထုတ်လွှင့်ခဲ့သည်။

စတင်ထုတ်လွှင့်စဉ်က အဖြူအမည်းသာ ဖြစ်သော်လည်း ၁၉၅၀တွင် ရောင်စုံ ရုပ်မြင်သံကြားစက်များ စတင်သုံးစွဲလာနိုင်သည်။ သို့သော် ထုတ်လုပ်သူများရော သုံးစွဲသူများပါ အဖြူအမည်း ရုပ်မြင်သံကြားနှင့် ပါတ်သက်၍ အရင်းအနှီး ကြီးမားစွာ မြှုပ်နှံထားပြီး ဖြစ်သဖြင့် ရုတ်တရက် ရောင်စုံရုပ်မြင်သံကြားစက်များကို ၁၀နှစ်နီးပါး ဂိုဒေါင်များထဲတွင် သိုလှောင်ထားခဲ့ရပါသည်။၁၉၇၅ခုနှစ် ကျမှသာ ဆယ်အိမ်လျှင် ရောင်စုံစက် ၇လုံးနှုန်းဖြင့် အသုံးပြုလာနိုင်ကြသည်။ ထိုစဉ် ထွက်ပေါ်လာသော ကပ္ပလီလူရွှင်တော် တစ်ဦး၏ ပြက်လုံးဖြင့် အဆုံးသပ်ချင်ပါသည်။

ရောင်စုံရုပ်မြင်သံကြားစက်ပေါ်တွင် သူ့ရုပ်ပုံ ပေါ်လာသောအခါ သူက ဤကဲ့သို့ ပြောပါသည်။


"တဆိတ် ကြည့်ရှုသူခင်ဗျား. . . ခင်ဗျားရဲ့ တယ်လီဗေးရှင်းကို မကလိပါနဲ့ စက်ထဲမှာ ဘာချို့ယွင်းချက်မှ မရှိပါဘူး ကျွန်တော့အသား အရောင်က မွေးကတည်းက အမည်းပါ"

*

**Emperor** အတွဲ(၁) အမှတ်(၈) ဖေဖေါ်ဝါရီလ

# ပေါင်မုန့်ပြောသောစကား

သရော်စာအက်ဆေးများ — သစ္စာနီ





# ပေါင်မုန့်ပြောသော စကား

စက်ရုံကြီး တစ်ရုံထဲသို့ မင်းသားနှင့် မင်းသမီးတို့ လက်ချင်းတွဲကာ ပြေးဝင်လာကြသည်။ နောက်မှ လူဆိုးတစ်သိုက် လိုက်လာကြသည်။ စက်ရုံထဲတွင် ပြေးကြလွှားကြသည်။ တစ်နေရာတွင် မင်းသားက နောက်မှ လိုက်လာသော လူဆိုးကို ချောင်းကာ လက်ထဲက ရှည်မျော့မျော့အရာနှင့် ရိုက်လိုက်၏။ လျှို့ဝှက်သဲဖို ရုပ်ရှင်ဇာတ်ကားတစ်ကားထဲမှ ဇာတ်ဝင်ခန်း တစ်ခုမဟုတ်ပါ။ ဂျုံမှုန့်ကြော်ငြာသာဖြစ်ပါသည်။ လူဆိုးကို ရိုက်လောက်အောင် မာကြောသောအရာမှာ တုတ်တစ်ချောင်းမဟုတ်ဘဲ ပေါင်မုန့်ရှည် တစ်လုံးသာ ဖြစ်နေလေသည်။

'ရွှေရည်မြင့်မြတ်' စာအုပ်တိုက်

လေထဲတွင် ပန်းကန်ပြားပျံ ပုံသဏ္ဌာန် ပုဝိုင်းဝိုင်းအရာတစ်ခု ပျံဝဲလာကာ ထိုပုဝိုင်းဝိုင်းပေါ်တွင် ကောင်မလေး တစ်ယောက်ပါလာသည်။ သိပ္ပံဆန်းကြယ်ဇာတ်ကားမှ ဇာတ်ဝင်ခန်း မဟုတ်ပါ။ နောက်ထပ် ဂျုံမုန့်ကြော်ငြာတစ်ခုသာဖြစ်ပါသည်။ မင်းသမီး စီးလာသော ပုဝိုင်းဝိုင်းအရာမှာ ပန်းကန်ပြားပျံ မဟုတ်ဘဲ ဟန်ဘာဂါ ပေါင်မုန့် တစ်လုံးသာ ဖြစ်နေလေသည်။ ယမင်းကိုကိုက လက်ညှိုးနှင့်လက်မဝိုင်းပြကာ "အိုကေ"ဟု ဆိုပါသည်။တလွဲတချော်မတွေးပါနှင့် နောက်ထပ် ဂျုံမှုန့်နှင့် ဂျုံနှင့်လုပ်သော မုန့်မျိုးစုံ (ခေါက်ဆွဲ၊ ပေါင်မုန့်၊ ဘီစကွတ်၊ ကိတ်မုန့် စတာတွေ) ကြော်ငြာများ ရုပ်မြင်သံကြားတွင် တွင်ကျယ်နေသည်ကို ထောက်၍ မြန်မာနိုင်ငံတွင် ဂျုံ၏အရေးပါမှုကို အတွေးဆန့်ကြည့်မိသည်။

တစ်ခါတစ်ရံတွင် ကျွန်တော်၏ ဟုတ်ယောင်ထင်မြင်မှုမှာ လက်တွေ့နှင့် ကင်းကွာနေတတ်သော သဘာဝများ ရှိပါသည်။ သာကေအနေဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ဆန်ကိုသာ အဓိကထား စားသုံးသူများ ဖြစ်သည်ဟူသော ထင်မြင်မှုများဖြစ်ပါသည်။ ထိုထင်မြင်မှု မှာ အနည်းဆုံး မြို့သူမြို့သားများနှင့် ပါတ်သက်၍ လွဲချော်နိုင်စရာ အကြောင်းရှိပါသည်။

မြို့နေလူထုသည် မိုးလင်းသည်နှင့် မနက်သရေစာ အဖြစ် လက်ဖက်ရည်၊ ကော်ဖီနှင့်အတူ ပေါင်မုန့်၊အီကြာကွေး၊ ပလာတာ၊ စမူဆာ၊ နံပြား စသည်တို့ကို စားတတ်ကြသည်သာမက တစ်နေ့လုံး ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ခေါက်ဆွဲသုတ်၊ ပေါက်စီ၊ ကိတ်မုန့်၊ ဘီစကွတ် စသည်တို့ကို ကြုံသလို အဆာပြေစားလေ့ ရှိတတ်ကြပြန်ရာ တစ်နေ့လျှင် နှစ်ကြိမ်သာစားသော ထမင်းထက် ကြိမ်ဖန်များစွာ စားသော ဂျုံကဗိုက်ထဲသို့ ပိုများပြားစွာ ရောက်ရန် အကြောင်းဖန် နေသည်။ မြစ်ဝကျွန်းပေါ် သားများ ဆန်ကို နိုင်နင်းသလို အညာသား များက ဂျုံကို နိုင်နင်းလေသည်။ ရန်ကုန်မြို့အနှံ့အပြားတွင် ဖွင့်လှစ် ထားသော အညာသားပိုင် လက်ဖက်ရည်ဆိုင်များမှာ အီကြာကွေး၊ စမူဆာ၊ ပလာတာများကို အားပြုရောင်းချနေတာ လက်တွေ့ပင် ဖြစ် သည်။ ကျောက်ပန်းတောင်း၊ မကွေး၊ စသည့်မြို့များမှ ပဲပလာတာ အကြွပ်ကြော်မှာ နာမည်ကြီးလှသည်ကို စားဖူးသူတိုင်း သိကြလေသည်။

သာမန်အားဖြင့် ဂျုံစားသုံးမှုသည် အနောက်ဥရောပနိုင်ငံများမှ တစ်ဆင့် အရှေ့ဥရောပနိုင်ငံများသို့ ကူးစက်ရောက်ရှိလာသည်ဟု ယူဆစရာရှိသည်။ အမှန်မှာ တရုပ်၊ အိန္ဒိယ၊ သီဟိုဠ်၊ စသည့်နိုင်ငံ များတွင် အနောက်နိုင်ငံများနှင့် ကူးလူးဆက်ဆံမှုမပြုမီ ရှေးနှစ်ပေါင်း

များစွာကပင် ဂျုံစားသုံးသော အလေ့အထ ရှိခဲ့ပြီး ဖြစ်ပါသည်။ ခေါက်ဆွဲ၊ ပေါက်စီ၊ ချာပါတီ၊ စသော အစားအစာများမှာ ထိုနိုင်ငံများ၏ အစဉ်အလာ ရိုးရာအစားအစာများ ဖြစ်ခဲ့သည်။ ယနေ့ ဂျုံစားသုံးမှုတွင် ထိပ်ဆုံးရောက်နေသည်ဆိုသော အမေရိကန်သို့မူ ၁၅၀၀ ပြည့်လွန်နှစ်များကျမှ စပိန် သင်္ဘောသားများ သယ်ဆောင်လာသဖြင့် ရောက်ရှိလာရသည်ဟု မှတ်တမ်းရှိပါသည်။

အနောက်နိုင်ငံသုံး ပေါင်မုန့်မှာ ခြောက်သွေ့၍ မာကြမ်းသည်။ အရှေ့သုံး တရုပ်ပေါင်မုန့်မှာ စိုစွတ်၍ နူးညံ့ပျော့အိသည်။ကျွန်ုပ်တို့နိုင်ငံတွင် သုံးစွဲသော ပေါင်မုန့်မျိုးဖြစ်သည်။ ဂျုံကိုအကြမ်းအားဖြင့် ဂျုံမာနှင့် ဂျုံပျော့ဟူ၍ နှစ်မျိုးခွဲခြားနိုင်သော်လည်း မျိုးဗီဇ အင်ဂျင်နီယာနည်းပညာအရ ခွဲခြားထားသော ဂျုံအမျိုးအစားပေါင်းမှာမူ ခြောက်ရာကျော်မျှရှိသည် ဟု ဆိုလေသည်။

ဂျုံစေ့တစ်စေ့၏ ဖြစ်တည်မှု ဂျီဩမေတြီသဘောသည် အင်မတန်ရှုပ်ထွေးသဖြင့် ကွန်ပျူတာနည်းပညာဖြင့်သာ စစ်ဆေးကြည့်ရှုနိုင်လေသည်။ ထိုနည်းပညာကို အသုံးပြု၍ ဂျုံကြိတ်ရာတွင် အလေအလွင့်ဖြစ်မှုကို ကာကွယ်နိုင်ခဲ့ကြသည်။ ( ဂျုံတစ်စေ့ ကြိတ်ခွဲတိုင်း ၈ ရာခိုင်နှုန်း ဆုံးရှုံးရလေ့ရှိသည်) ကွန်ပျူတာ ကျွမ်းကျင်သူက

"လေယာဉ်အစိတ်အ ပိုင်းတစ်ခု တစ်နေရာမှာ ကျိုးပဲ့ပျက်စီးတော့မှာ ကွန်ပျူတာက ပြောနိုင်သလိုပဲ ဂျုံတစ်စေ့ ဘယ်နေရာက အက်ကွဲမယ်ဆိုတာကိုလည်း ကွန်ပျူတာ ပြောနိုင်တယ်" ဟု ဆိုလေသည်။

ဝမ်းဒါး၊ ဂွတ်မောနင်းဆိုတာ အုံ့ဩဖွယ်ကောင်းသော နံနက်ခင်းဟူသောအဓိပ္ပာယ်မဟုတ်ဘဲ ရန်ကုန်မြို့တွင် မသိသူမရှိသော ပေါင်မုန့် အမည်နှစ်ခုသာ ဖြစ်လေသည်။ ဂျုံကို စားသုံးရန်အတွက်သာ အသုံးဝင်သည်ဟု လူတို့သာမန်အားဖြင့် သိကြသော်လည်း ဂျုံ၏အသုံးတည့်မှုမှာ ဒီ့ထက်မက ပိုလွန်လေသည်။ အားဆေးတစ်မျိုးဖြစ်သော" ရိဘိုဖလေဗင်" ဆေးမှာ ဂျုံဖွဲနု၏အနှစ်မှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဂျုံဆီဖြင့် ထုတ်လုပ်ထားသော ခေါင်းလျှော်ရည်၊ ဂျုံမုန့်ဖြင့် ပြုလုပ်ထားသော အသားလှ ပေါင်ဒါတွေလည်း ရှိသည်။ ဂျုံဖြင့်ပင် ပြုလုပ်ထားသော အစွမ်းထက်သည့် ကော်လည်း ရှိသည်။

ဦးပုညသာရှိလျှင် နွားတစ်ကောင်လုံး အသုံးချနည်းကဲ့သို့ ဂျုံတစ်ပင်လုံး အသုံးချနည်းကို စာဖွဲ့ကောင်း စာဖွဲ့ဖြစ်လိမ့်မည်ထင်သည်။ ဂျုံနှင့် ပါတ်သက်၍ အမေရိကန်ပြည်တွင်းစစ်အတွင်းက ထွက်ပေါ်လာသော မှတ်သားဖွယ် စကားတစ်ခွန်းရှိ၏။

"စစ်ပွဲတွင် ပထမဆုံးစကားကို ကျည်ဆန်က စတင်ပြောသော်


လည်း နောက်ဆုံးစကားကိုမူ ပေါင်မုန့်ကသာ ပြောမြဲမမှတာဖြစ်သည်” ဆိုသော စကားဖြစ်၏။ ဂျုံ၏အရေးပါပုံကို တွေးကြည့်လျှင် သဘောပေါက်နိုင်လေသည်။

*

(သောကြာ၊ မတ် ၂၀၀၀ )

## ကျွန်ုပ်တို့ကလေးများရဲ့ပေါင်ချိန်

သရော်စာအက်ဆေးများ　　　　သစ္စာနီ



# ကျွန်ုပ်တို့ ကလေးများနှင့် ပေါင်ချိန်

ခေါင်းစဉ်ကိုကြည့်၍ ရင်ခွင်ပိုက် ကလေးငယ်များ ပြုစုပျိုးထောင် ရေးကိစ္စကို ရေးတော့မည်ဟု အထင်မရောက်စေလိုပါ။ တစ်နေ့က စာရေးမည်ဟု ကျွန်ုပ်စာရေးသောစားပွဲတွင် ထိုင်လိုက်သောအခါ စားပွဲ ပေါ်တွင် ခဲတစ်လက်ရောက်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် ထူးထူးခြားခြား သဲ့တ္တိကောင်းသူ မဟုတ်သော်လည်း တုန်လှုပ်ခြင်း မဖြစ်မိ ပါ။ အဘယ်ကြောင့်ဆိုသော် ထိုခဲသည် ပလပ်စတစ်ဖြင့် ပြုလုပ်ထားသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်၏တူ ကလေးများဆော့ကစားကြသည့် ကျန်ကျောင်းခဲဖြစ်ကာ စားပွဲပေါ် တွင်သူတို့ တင်ထားခဲ့ခြင်းဖြစ်ဟန်တူလေသည်။

'ရွှေရည်မြင့်မြတ်' စာအုပ်တိုက်

ကျွန်ုပ်တို့ ကလေးဘဝက တာဇံကဲ့သို့ပင် ယနေ့ကလေးများအတွက် ကျန်ကျောင်းသည် စံပြဟီးရိုးဖြစ်၍ နေလေသည်။ ကျန်ကျောင်းမား ကျန်ကျောင်းဦးထုပ်၊ ကျန်ကျောင်းမုန့်တို့ ပေါ်လာရုံမက ကျန်ကျောင်း၏ ရုပ်ပုံများမှာ ပို့စကတ်၊ နံရံကပ်စတာ၊ ကျောပိုးကလေးလွယ်အိတ်၊ တီရှပ်နှင့် ဗလာစာအုပ်မျက်နှာဖုံးတို့မှတစ်ဆင့် ကြွပ်ကြွပ်အိတ်နှင့် လေတွင်လွှတ်တင်ထားသောစွန်ပေါ်အထိ ရောက်နေသောကြောင့် ဖြစ်သည်။ တချို့ကလေးများသည် ကျန်ကျောင်းပုံများကို ကျောင်းအိမ်သာထဲတွင် ကပ်ကြသည်ဟုဆိုသည်။(မြဝတီ ယခုအခါ မြန်မာ့ရုပ်သံကပါ တိုး ချဲ့) ထုတ်လွှင့်နေသော ကျန်ကျောင်းပါဝင်သည့် ပြည်သူ့တရားရှင် ဇာတ်လမ်းတွဲများမှာ ပရိတ်သတ်တို့ နှစ်သက်သဘောအကျဆုံးဖြစ်၍ ယမန်နှစ်က အအောင်မြင်ဆုံး နိုင်ငံခြားဇာတ်လမ်းတွဲဆုပင် ချီးမြှင့်ခံခဲ့ရသည်။ ကလေးများနှင့် မိန်းမပျိုများက ရုပ်ရည်ချောမောသော ဘုရင့်အထောက်တော် သိုင်းပညာရှင် ကျန်းကုဝေ ခေါ် ကျန်ကျောင်း ကို အကြိုက်တွေ့နေကြပြီး ယောက်ျားများနှင့် လူကြီးများကတော့ သုခမိန်ကြီး ပေါင်ချိန်ကို နှစ်ခြိုက်နေကြသည်။

အမှန်စင်စစ် တရားစီရင်ရေး ကိစ္စများမှာ သာမန်လူများအတွက်

ပျင်းရိငြီးငွေ့ဘွယ်ရာသာဖြစ်သည်။ ရှေ့နေကြီး ပယ်ရီမေဆင်၏ အမှုတွဲ များသည် သူတို့ဆီတွင် အောင်မြင်သော်လည်း ကျွန်ုပ်တို့ဆီတွင် မစွံသည်ကိုတွေ့၏။ ဥပဒေအသိုင်းအဝိုင်းက လူတချို့သာ ဂရုတစိုက် ဖတ်ရှုနေကြ၏။ မဟော်သမာ၊ အတုလရှင်ရသေ့၊ သုဓမ္မစာရီ စသူတို့၏ ဖြတ်ထုံးစာပေ တို့ကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှု မနေကြ။ ထိုသို့သော တရားစီရင်ရေး ကိစ္စများကို သာမန်လူများ စိတ်ဝင်စားအောင် ရိုက်ကူး တင်ပြ နိုင်သည့်အတွက် ထိုဇာတ်လမ်းတွဲ ထုတ်လုပ်သူများကို ဦးစွာ ချီးကျူးစကား ပြောရပေမည်။ နောက်ထပ် ကျေးဇူးစကားပြောရမည့် အချက်မှာ ဤသို့သော နည်းဖြင့် ကျွန်ုပ်တို့၏သာမန်ပြည်သူများအား တရားစီရင်ရေးကိစ္စများနှင့် တစိမ့်စိမ့် ရင်းနှီးကျွမ်းဝင်လာခဲ့စေသော အချက်ဖြစ်၏။ ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ ရုံးကိစ္စ ဂါတ်ကိစ္စများနှင့် အစဉ်အဆက် ကင်းကင်းဝေးဝေး နေလိုကြ၏။ ရုံးရောက် ဂါတ်ရောက်ရမည်ကို စိုးရွံ့ ထိတ်လန့်ကြသည်။ သို့သော် ယခုကဲ့သို့ ခိုင်ဖုန်းတရားရုံးက ကိုယ့် ဧည့်ခန်းထဲ ရောက်လာသည်ကိုမူ လိုလိုချင်ချင် လက်ခံကြသည်။ (မီးပျက်လျှင် မီးစက်ရှိရာအိမ်သို့ပင် ကူးကြည့်ကြသည်။)

ဘာကြောင့် ဤဇာတ်လမ်းတွဲများအား ဤမျှ စွဲစွဲလမ်းလမ်းရှိကြ

သနည်းဟု စစ်တမ်းကောက်ယူကြည့်သောအခါ တညီတညွတ်တည်းလည်း ဖြစ်၏။ လက်ခံလောက်ဖွယ်လည်းဖြစ်သည့် အဖြေတစ်ခုထွက်လာ၏။ ပြည်သူ့တရားရှင်ဟု အမည်တွင်နေသော ခိုင်ဖုန်းသုခမိန်ကြီးသည် တရားစီရင်ရာ၌ မည်သူ့မျက်နှာကိုမျှမထောက်၊ တရားဥပဒေတစ်ခုတည်းကိုသာ ကြည့်ကာ ပြတ်သားရဲရင့်စွာ စီရင်တတ်သောကြောင့် ဖြစ်သည် ဟူ၏။ မှန်သင့်သလောက် မှန်ပါသည်။ ကျွန်ုပ်တို့ ကြည့်ရှုခဲ့ရသမျှတွင် သုခမိန်ကြီး ပေါင်ချိန်သည် အကြီးအကဲ မင်းမှုထမ်းများကို မဆိုထားနှင့် စစ်သူကြီး၊ ဘုရင့်ယောက်ဖနှင့်နန်းရင်းဝန်သားမက်ပါမကျန် ခေါင်းဖြတ်စက်အောက်သို့ ပို့ခဲ့သူဖြစ်ပါသည်။ ခေါင်းဖြတ်စက်ကို နဂါး၊ ကျား၊ ခွေး ဟူ၍ သုံးမျိုးခွဲခြားထားတာတော့ ရှိပါသည်။ သက်ဦးဆံပိုင်စနစ် ရှင်သန်နေသောကာလဖြစ်သဖြင့် ဤမျှအဆင့်အတန်းခွဲခြားမှုတော့ ရှိရပေမည်။ သို့သော်. . .

ကြွက်သေတာသာ လိုရင်းဖြစ်၍ ဤကိစ္စမှာ ဇာချဲ့စရာ မဟုတ်ဟု ဆိုနိုင်သော်လည်း ထိုခေတ်က (ခိုင်ဖုန်းရုံး)တရားစီရင်ရေးသည်ယခု ပရိသတ်ခံစားရသလို တကယ်ပင် တော်တည့် မှန်ကန်ပါသလောဆိုသည့်အချက်ကမူ သံသယပွား ဖွယ်ရာ ရှိပါသည်။ တရားစီရင်ရေး

နှင့် ဥပဒေဆိုသော ကိစ္စသည် ကြက်ဥအရောင် တိမ်တောင်သဖွယ် ထက် ပို၍ရှုပ်ထွေး နက်နဲ ကျယ်ပြန့်သော သဘောရှိသောကြောင့် ဖြစ်လေသည်။ အကယ်စင်စစ် ခိုင်ဖုန်းခေတ် တရားစီရင်ရေးသည် ရုံးတစ်ရုံး ခုံးတစ်ခုံးမှာ တရားစီရင်ရေး ပင်ဖြစ်သည်။ တရားဥပဒေ စိုးမိုးရေးလော တရားသူကြီး စိုးမိုးရေးလော။ ခိုင်ဖုန်းရုံး စီရင်မှုများတွင် တရားသူကြီး၏ အခန်းကဏ္ဍကို လိုအပ်တာထက် ပို၍ချဲ့ထွင်ထားတာ တွေ့ရသည်။ ယင်းမှာ တတိယအာဏာခေါ် တရားသူကြီး လွှမ်းမိုးရေး ဝါဒဖြစ်သည်။ ဇမ္ဗူတစ်ခွင် သူရဲကောင်းဇာတ်လမ်းတွင် သိုင်း ပညာရှင် ဖေးမို့ဝန် အချက်ကျသော မေးခွန်းများကို တိကျလှ သည်ဆိုသော သုခမိန်ကြီးပင်လျှင် ကျေလည်အောင် မဖြေရှင်းနိုင် ဖြစ်ကာ ဥပဒေတွင် ချို့ယွင်းချက်များ ရှိနေကြောင်း၊ ဘုရင်နှင့် တိုင်ပင်ကာ ပြင်ဆင်သင့်သည်ကို ပြင်ဆင်မည့်အကြောင်း ဝန်ခံချက် ပေးခဲ့ရသည်။ ထိုအခါ ဘုရင်သည် အမှန်ပင် ဥပဒေပြုထိုက်သူ လောဆိုသည့် မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်။ ထိုခေတ်က သုံးစွဲသောဥပဒေမှာ ရှေးဟောင်း စီရင်ထုံး၊ ဖြတ်ထုံးများကို အမိက ထားသော ဥပဒေဖြစ်သည်။ ဥပဒေပြု လွှတ်တော်ဟူ၍ မရှိ။

နောက်တစ်ချက်မှာ တရားစီရင်ရေးနှင့် လူတန်းစားသြဇာ၏

ပြဿနာဖြစ်သည်။ တိကျပြတ်သားလှပါသည်ဆိုသော သုခမိန်ကြီးသည် ပင် ဘုရင်၊ ဘုရင့် ဦးရီးတော်၊ ဘုရင့်မယ်တော် စသည့် ပဒေသရာဇ် လူတန်းစားသြဇာကို မလွန်ဆန်နိုင်။ သူသေဒါဏ်ပေးထားသူကိုပင် ဘုရင့်အမိန့်ဖြင့် လွတ်မြောက်စေ၏။ ကွန်မြူနစ်နိုင်ငံများတွင် အလုပ်သမား လယ်သမား အခွင့်အရေးအတွက်ဟုဆိုကာ ပြဋ္ဌာန်းထားသည့် ဥပဒေများမှာ လိုတာထက်ပင် ပို၍နေပြီး ကျန်လူတန်းစားများကို အနေခက်စေခဲ့သည်။ ဂျာမဏီနိုင်ငံ နာဇီခေတ်က ပြဋ္ဌာန်းခဲ့သော နာဇီတို့၏ ဥပဒေများမှာလည်း ထိုသဘောပင် ဆောင်လေသည်။

ဥပဒေကို လူမှုရေး၊ ကျင့်ဝတ်၊ စီးပွားရေး၊ နိုင်ငံရေး၊ စသည့် ပြင်ပအရာများ မပါဝင်စေဘဲ ဥပဒေသက်သက်ကြီး ကြည့်ရမည်ဆိုသော သုခမိန်ကြီး၏ အယူအဆမှာ ယခုအခါ နော်မက်တစ်ဝါဒဟုခေါ်နေကြသော ဥပဒေတံခါးပိတ် ဝါဒဖြစ်ကာ ထိုသီအိုရီကို ဥပဒေသမား အများစုက လက်မခံကြချေ။ ပေါင်ချိန်ကား ဥပဒေကို ပေါ်တော်မူဘုရားကဲ့သို့ ကိုးကွယ်သူဖြစ်သည်။ သို့သော် သူ့ခေါင်းဖြတ်စက်အောက်သို့ ပို့ခဲ့သူတိုင်းသည် တကယ်ပင် ထိုအပြစ်ဒါဏ်ကျခံထိုက်သူတွေ ဖြစ်ပါသလား ဆိုသော ပုစ္ဆာကို အချိန်ရှိသရွေ့

မိမိဘာသာမေးကာ အဖြေမရှာနိုင်သူလည်း ဖြစ်သည်။ ခိုင်ဖုန်းတရား စီရင်ရေးတွင် ယိုကွက် ဟာကွက်တွေ များစွာ ရှိနေလေသည်။ မိမိ ကိုယ်ကျိုးအတွက် ဖခင်ဖြစ်သူကိုပင် သွယ်ဝိုက်ကာ အသက် စွန့်ခိုင်းခဲ့သော ကျိုင်ဝမ်းရီလိုလူမျိုးကို အပြစ်ပေးနိုင်ခြင်းမရှိ။ (ဖခင်သေဆုံးသွားသဖြင့် ကျိုင်ဝမ်းရီသည် သက်တော်ရှည်ဘွဲ့ကို ဆက်ခံ ရရှိသွားသောကြောင့် ဖြစ်သည်။)

ဤကိစ္စအတွက် သုခမိန်ကြီးကို အပြစ်တင်ဖွယ်ရာမရှိ အဘယ် ကြောင့်ဆိုသော် ဥပဒေကိုယ်တိုင်ပင် ဟာကွက်များ ရှိနေသောကြောင့် ဖြစ်သည်။ တစ်ခါက အမေရိကန်နိုင်ငံတွင် ကျွန်စနစ်ကို ဥပဒေဖြင့် တရားဝင် အတည်ပြုခဲ့၏။ ယင်းမှာတရားမျှတမှု ရှိပါ၏လော။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးသော် နာဇီတရားသူကြီးတစ်ချို့ နူးရင်းဘတ် ခုံရုံးရောက်ခဲ့ကြသည်မှာ ဘာကြောင့်ပါလဲ။ နတ်ဘုရားတွေကို အရိုအသေ မပေးခဲ့သည့်အတွက်၊ ဒဿန ပညာရှင် ဆိုကရေးတီးကို သေဒဏ်ချမှတ်ခဲ့သော ဂရိ တရားရုံး၏ စီရင်ချက်ကို မှန်ကန်သည်ဟု ခေါ်နိုင်ပါမည်လော။ တရား စီရင်သူ မှားယွင်း တရားစီရင်မိသောအခါ ထိုတရားစီရင်သူကို မည်သူက တရားစီရင်မည်နည်း။ အဖြေမရှိ လူ့အသက်မြက်တစ်ပင်ဆိုသောခေတ်တွင် မြို့နယ်တရားသူကြီးတစ်

ယောက်သည် ဆွံ့အနေသော အပြစ်မရှိသည့်တံငါသည်တစ်ယောက်ကို မားပြမှုကျူးလွန်သူ ဟုဆိုကာ သေဒဏ်ပေးခဲ့၏။ နောင် မိမိမှားယွင်း စီရင်မိကြောင်း သိသောအခါ သူ့အလုပ်က နှုတ်ထွက်သွားသည်။ သို့သော် သေသူ့အသက်ကား ရင်းစားမရ။ ထို တရားသူကြီးကို အပြစ်ပေးမည့်သူမရှိ။ ကျွန်ုပ်တို့ အမျိုးမျိုး တွေးတော ဖွယ်ရာတွေ ရှိနေပါသည်။ တစ်ချက်မှာ တရားမျှတမှုဟူသည် ဥပဒေပေါ်တွင် အလုံးစုံ မှီခိုခြင်းမရှိ ဟူသော အချက်ဖြစ်ပါ၏။

ပြည်သူ့တရားရှင် ဇာတ်လမ်းတွဲများနှင့် ဆက်စပ်ကာ စဉ်းစားမိသော အချက်တချို့ကို ဖောက်သည်ချမိခြင်း ဖြစ်ပါသည်။ခေတ်ကား ပြောင်းလဲနေပါသည်။ ယနေ့ကား ခိုင်ဖုန်းခေတ်မဟုတ်တော့။ သို့သော် ငိုနေသော ကလေးတစ်ယောကို အငိုတိတ်စေလိုလျှင် ယခင်ကကဲ့သို့ သရဲ ကြီးကိုက်လိမ့်မယ် ကုလားကြီး ဖမ်းလိမ့်မယ်ဟု ခြောက်လှန့်၍မရ ခိုင်ဖုန်းရုံးသို့ ပို့လိုက်ရမလားဟုဆိုမှ အငိုတိတ်သည်ဟု ပြောစမှတ်ပြုနေကြ ပြန်သည်။

*

(သောင်းပြောင်းထွေလာ၊ ဒီဇင်ဘာ ၁၉၉၈)